

မင်းမြတ်သူရ
ရလေလိုလေဒိုတာခွေ

တစ်နေ့သ၌ ကျွန်ုပ်တို့စုံထောက်ကျော်များသည် အင်းစိန်စီအိုင်ဒီရုံး၌ ထိုင်၍ ရောက်တတ် ရာရာများကို ပြောဆိုနေလေ၏ ။

ထိုသို့ ပြောဆိုနေသောအကြောင်းများတွင် ဘိုင်စကုပ်မင်းသမီး အလှဘုရင် ခင်မြရင်၏ အကြောင်းများလည်းပါ၏ ။

ဦးပေါ်ဦးကြီးသည် မင်းသမီးတကာ မင်းသမီးထဲတွင် ခင်မြရင်ကို အကြိုက်ဆုံးဖြစ်၏ ။

ထိုအခါ စုံထောက်ကိုတင်လှက 'သူဇာ' ဇာတ်ကားထဲတွင် မင်းသားခင်မောင်ရင်နှင့် တွဲဖက်သရုပ်ဆောင်သော ခင်ခင်ရီကိုသာ အစွဲမက်ဆုံးဟု ဆိုပြန်၏ ။

စုံထောက် ကိုစိန်ဝင်းကလည်း ဝင်ရောက်၍ 'မြိုင်ယံဘွား' ဇာတ်ကားမှ မြင့်မောင်နှင့် တွဲဖက်သရုပ်ဆောင်သော မေမြင့်ကိုသာ အစွဲမက်ဆုံးဟု ဆိုလေ၏ ။

ထိုအခါ ကျွန်ုပ်ကလည်း ဝင်ရောက်၍ 'ဝေဘာဂီ' ဇာတ်ကားတွင် သရုပ်ဆောင်သော မေသန်းကိုသာ မျက်လုံးထဲကမထွက် နှစ်သက်ကြောင်း ဆိုပြန်၏ ။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဘိုင်စကုပ် မင်းသမီးများ၏ အလှဘွဲ့ များကို အပြိုင်အဆိုင် ပြောဆိုရင်း သူ့မင်းသမီးက လှသည်။ ငါ့မင်းသမီးက လှသည်ဟု ငြင်းခုန် ကြ၏ ။

ထိုသို့ ငြင်းခုန်ရင်း အနိုင်ရလိုဇောဖြင့် လေသံများမှာ ပိုမို၍ ကျယ်လောင်လာ၏ ။

ထိုအခါ စုံထောက် ဦးပေါ်ဦးကြီးက စုံထောက်မင်းကြီး၏ ရုံးခန်းဘက်သို့ကြည့်၍ သူ၏ နှုတ်ခမ်း၌ လက်ညှိုးကပ်ပြလိုက်ပြီး

“ဟိုး ဟိုး . . . တော်ပါတော့၊ ဟော့လူတွေ . . .ဒီဗလာကိထိ ငြင်းခုန်မနေကြနဲ့၊ ဒီအကြောင်းအရာကို ဒီမှာတင်ပဲရပ်ကြ၊ ဘယ်မင်းသမီးက ပိုချောချော ကျုပ်တို့ တစ်ပြားမှ စားရမှာမဟုတ်ဘူး။ ကျုပ်တို့ ငြင်းခန်တဲ့အသံတွေ ဒီထက်ပိုပြီးကျယ်လာရင် မင်းကြီးရုံးခန်းထဲက ထွက်ဆူလိမ့်မယ် ”

ဟု တားဆီးလေ၏ ။

ထိုအခါ ကျွန်ုပ်တို့၏ စကားလမ်းကြောင်းသည် အခြားသော အကြောင်းအရာများဘက်သို့ ပြောင်းလဲသွားပြန်၏ ။ စုံထောက် ဦးပေါ်ဦးကြီးက ညက ပုဇွန်တောင်၊ လိပ်ကန်ပန်းခြံတွင် ကြည့်ရှုခဲ့သော ရုပ်သေးသဘင်အကြောင်းကို ချီးမွမ်းခန်းဖွင့်လေ၏ ။

“ညက ကျုပ်တို့ လိပ်ကန်ပန်းခြံမှာ ကြည့်လိုက်ရတဲ့ ရုပ်သေးက သိပ်ကောင်းတာပဲ၊ ရုပ်သေးဆရာကြီးက ဦးဖိုးခတဲ့၊ ရုပ်သေးကြိုးဆွဲလည်း အင်မတန်ကောင်းတယ်၊ အဆို အငို အပြောလည်း ပိုင်တယ်၊ ညက ဝေသန္တရာဇာတ်တော်ကို ကသွားတာဗျာ၊ မဒ္ဒီဒေဝီကို ဇူဇကာ ပုဏ္ဏား အလှူခံတဲ့အခန်းမှာ ကြည့်တဲ့မိန်းမတွေ မျက်ရည်တောင်ကျတယ်။ တချို့အဖိုးကြီးတွေဆိုရင် ဇူဇကာပုဏ္ဏားနေရာက အရုပ်ကို ဓားနဲ့ တက်ခုတ်မယ် တကဲကဲဖြစ်နေတယ်။ ဒီလောက်တောင် အနုပညာပါတာဗျာ၊ တကယ်တော့ ရုပ်သေးပွဲတစ်ပွဲမှာ အရုပ်လေးတွေကို ကြိုးဆွဲရုံနဲ့ ပရိသတ် မစွဲမက်ဘူးလေ၊ အဆို အငို အပြော ပိုင်ဖို့လိုတယ် ”

ဟု ပြောလေရာ စုံထောက် ကိုစိန်လှကြီးက ဝင်ရောက်၍

“အဆို အငို အပြော ပိုင်ရုံလောက်နဲ့ မဟုတ်သေးဘူးဗျ၊ ရုပ်သေးကြိုးဆွဲကောင်းဖို့ လိုတယ်။ ဒါကြောင့် နှစ်ဖက်စလုံးကောင်းနိုင်မှ ရုပ်သေးသဘင်ကောင်းကောင်းဖြစ်တာဗျ ”

ဟု ပြောလေ၏ ။ ထိုအခါ ဆရာလှဆိုသော အဘိုးကြီးက ဝင်ရောက်၍

“ငါတို့အရှင်တွေရှိတုန်းက နန်းတော်ထဲမှာ ရုပ်သေးကိုပဲ ရှုစားကြတာတွေ၊ ဒါကြောင့် ရုပ်သေးကို အမြင့်သဘင်လို့ခေါ်တယ်။ လူတွေကိုယ်တိုင်ဝင်ရောက်ပြီး ကပြတဲ့သဘင်ကိုတော့ အနိမ့်သဘင်လို့ခေါ်တယ်။ အနိမ့် သဘင်နှင့် အမြင့်သဘင်ဆိုတာကိုကြည့်၊ ရုပ်သေးနဲ့ကပြီး သရုပ်ဆောင်တဲ့အမြင့်သဘင်ဟာ အနိမ့်သဘင်နဲ့ ပိုပြီး အဆင့်မြင့်တယ်ကွ၊ မင်းတို့ စဉ်းစားကြည့် . . . အရုပ်ကလေးတွေနဲ့ပဲကပြီး လူတွေကို ပျော်အောင်၊ ရွှင်အောင်၊ စိတ်အားတက်ကြွအောင်၊ ဝမ်းနည်းအောင် လုပ်နိုင်တယ်လေ”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ဝင်ရောက်၍

“အဟုတ်ပဲဗျာ . . . ညက ပွဲခင်းထဲမှာဆိုရင်လေ ကျုပ်ရဲ့မိန်းမ ခင်ခင်ကြီးဟာ မဒီဒေဝီ ကို သနားလွန်းလို့ မျက်ရည်တောက်တောက်ကျတယ် ”

ဟု ပြောဆိုလေ၏ ။

ထိုအခိုက်မှာပင် စုံထောက်ကျော်များအနီးသို့ ပြာတာမောင်ရွှေ ရောက်ရှိလာပြီး

“ မျက်ရည်တောက်တောက်ကျတာတွေ ဘာတွေ လုပ်မနေနဲ့ဗျို့၊ မင်းကြီးဆူနေပြီ၊ မင်းကြီး ကြိမ်းမှ ခင်ဗျားတို့စုံထောက်ကြီးတွေ မျက်ရည်တောက်တောက်ကျနေရမယ် ”

ဟု ပြောလေရာ စုံထောက် ဦးပေါ်ဦးကြီးက ပြာတာမောင်ရွှေကို ဒေါသချောင်းချင်းထွက် သွားပြီး

“ ပြာတာစုတ်၊ မင်းကများ ငါတို့ကို မခန့်လေးစားနဲ့၊ နားရင်းအုပ်လိုက်လို့ ကျွမ်းပြန်သွား မယ်၊ ဘာမှတ်သလဲ၊ စီအိုင်ဒီမှာ နာမည်တစ်လုံးနဲ့နေတဲ့ကောင်ကွ ”

ဟု ပြောလိုက်ရာ ပြာတာမောင်ရွှေသည် ဇက်ပုသွားပြီး အနီးမှ

ထွက်ခွာသွားလေ၏။

ထိုအခါ ကျွန်ုပ်တို့ စုံထောက်ကျော်များလည်း မင်းကြီးရုံးခန်းသို့ ဝင်ရန် ပြင်ကြလေ၏။

ကျွန်ုပ်တိုပသည် မင်းကြီးရုံးခန်းရှေ့သို့ ရောက်သောအခါ သူအရင်ဝင် ငါအရင်ဝင်နှင့် စုံထောက် ဦးပေါ်ဦးကြီးသည် စိတ်မရှည်နိုင်တော့ဘဲ သူ၏ ရှေ့တွင်ရှိသော လူဖလံ ကိုစိန်ဝင်းအား နောက်ကျောမှ ဆောင့်တွန်းလိုက်ရာ ၄င်းသည် မင်းကြီးရုံးခန်းအတွင်းသို့ မှောက်လျက်လဲမတတ် ရောက်ရှိသွားလေ၏။

ထိုအခါ စာဖတ်နေသော စုံထောက်မင်းကြီးသည် မိမိအခန်းထဲသို့ ကမူးရှူးထိုးရောက် လာသော ကိုစိန်ဝင်းကိုကြည့်၍

" လူကလေး မဆိုးဘူး၊ ကျွန်ုပ်ခေါ်သံကြားကြားချင်း ရောက်လာတယ်၊ ကျွန်တော့်စုံထောက် တွေ မြည်းသတ္တဝါလို အပျင်းထူတယ် "

ဟု ချီးမွမ်းလိုက်ရာ စုံထောက်ကိုစိန်ဝင်းသည် ဦးပေါ်ဦးကြီးကို ဒေါမပွတော့ဘဲ ကျေးဇူးပင် တင်နေမိလေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များ ရုံးခန်းတွင်းသို့ ဝင်ရောက်သွားသောအခါ မင်းကြီးက ခေါင်းမော့ကြည့်၍

" လူကလေးတို့ စုံထောက်တွေ သိပ်ညံ့တယ်၊ အမှုတွေအားလုံး တစ်မှုမှ မပေါ်သေးဘူး၊ ရုံးခန်းထဲမှာထိုင်ပြီး လေလုံးထွားဖို့ပဲ သိတယ်။ ပုဇွန်တောင်က မူလီဆိုင်ပိုင်ရှင်အဘွားကြီး အသတ် ခံရတုန်းကလည်း မှားယွင်းပြီး သူ့သမက်ကို ဖမ်းလာတယ်၊ တကယ်တော့ အဘွားကြီးကိုသတ် တာ သူ့သမက်မဟုတ်ဘူး၊ အရူးတစ်ယောက်က အမြင်ကတ်လို့ တုတ်နဲ့ဝင်ရိုက်သွားတာ၊ ဒါကို မျက်မြင်သက်သေတွေ အများကြီးရှိတယ်၊ ဒီလောက်ရှင်းလင်းပြီး လယ်ပြင်ဆင်သွားသလို ရှင်းနေ တာကို သမက်ကို မှားယွင်းပြီး ဖမ်းလာသေးတယ်၊ မအူကုန်းလမ်းကျယ်က အဘွားကြီး အမှုမှာလည်း ဒီလိုပဲ၊ အဘွားကြီးရဲ့

မြေးတွေအားလုံးကို အမွေတွေလိုချင်တယ်ဆိုပြီး တသီတတန်းကြီး ဖမ်းလာတယ်၊ သတင်းစာတွေက ဒီအကြောင်းကို ဝိုင်းရေးတဲ့အတွက် ကျွန်ုပ်တို့ စီအိုင်ဒီက စုံထောက်တွေ ဘယ်လောက်သိက္ခာကျသလဲ၊ လူကလေးတို့အားလုံး စုံထောက်အလုပ်က ထွက်ပြီး လန်ချားဆွဲစားကြရင် ကောင်းမယ် ”

ဟု ကြိမ်းမောင်းလိုက်လေရာ ကျွန်ုပ်တို့စုံထောက်ကျော်များသည် မျက်နှာငယ်လေးနှင့် ငြိမ်သက်စွာ နားထောင်နေရလေ၏။

ထို့နောက် စုံထောက်မင်းကြီးက ကျွန်ုပ်တို့စုံထောက်ကျော်များ၏ မျက်နှာကို တစ်ဦးချင်း လိုက်လံကြည့်ရှုပြီး

“ လူကလေးတို့ ဟီးရိုးဆားပုလင်းမင်းအောင် ဘယ်ရောက်နေသလဲ၊ ဆားပုလင်းမင်းအောင်ကို ကြည့်လိုက်ရင် စီအိုင်ဒီမှာ ဘယ်တော့မှမရှိဘူး ”

ဟု မေးမြန်းလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်ကို ချောက်တွန်းချင်သော စုံထောက်ကိုစိန်ဝင်းက

“ ဆားပုလင်းမင်းအောင်က ကျွန်တော်မျိုးတို့လောက် ရုံးတက်မမှန်ပါဘူး သခင်၊ ရုံးချိန်တွေမှာ ရုံးမှာမရှိဘဲ ပန်းချီပြခန်းတွေ စာကြည့်တိုက်တွေမှာပဲ အချိန်ကုန်နေတာများပါတယ် မင်းကြီး ”

ဟု ချောက်တွန်းလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်ကို မနာလိုသော စုံထောက်ကိုတင်လှကလည်း ဝင်ရောက်၍

“ အမှန်ပါပဲ သခင်၊ ဆားပုလင်းမင်းအောင်ဟာ ကျွန်တော်မျိုးတို့လောက် တာဝန်ချိန်ကို မလေးစားပါဘူး၊ သူဟာ ကံကောင်းလို့ အမှုလေးတွေ ပေါ်နေတာနဲ့ပဲ ဟီးရိုးလုပ်နေတာပါ ”

ဟု ချောက်တွန်းလိုက်ပြန်၏ ။

ထိုအခါ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်ကို ချောက်တွန်းနေခြင်းအား နားမခံသာတော့ သဖြင့်

“ ဟေ့လူတွေ . . . စုံထောက်အချင်းချင်း ဒီလိုတော့ ချောက်မတွန်းသင့်ပါဘူး။ ဆားပုလင်း မင်းအောင်ရှိလို့ အမှုတွေပေါ်ပြီး ကျုပ်တို့ မျက်နှာသာရနေတာ မဟုတ်ဘူးလား ”

ဟု ဝင်ရောက်ပြောဆိုလေ၏ ။ စုံထောက်ဦးပေါ်ဦးကလည်း ဝင်ရောက်၍

“ ခင်ဗျားတို့ဟာ အတော်ကျေးဇူးကန်းတဲ့လူတွေပဲ၊ ဆားပုလင်းမင်းအောင်ကြောင့်ပဲ ခင်ဗျားတို့ ကျုပ်တို့ရာထူးတွေ တက်ခဲ့တာပဲ၊ ဘာလို့ ကိုယ့်ကျေးဇူးရှင်ကို ပြန်ပြီးမနာလိုဖြစ်နေရတာ လဲ”

ဟု ပြောဆိုလေ၏ ။ ထိုအခါ စုံထောက်မင်းကြီးက

“ လူလေးတို့ ငြင်းခုန်တာတွေကို ရပ်လိုက်စမ်း၊ ဆားပုလင်းမင်းအောင်ဟာ စီအိုင်ဒီမှာ ရှိမနေပေမဲ့ အမှုတွေကို ပေါ်အောင်လိုက်နိုင်တယ်၊ လူလေးတို့စုံထောက်တွေ စီအိုင်ဒီမှာ တဝါးဝါး တဟားဟားနဲ့ ဘာတွေပြောနေကြတာလဲ ”

ဟု မေးမြန်းလေ၏ ။

စုံထောက်မင်းကြီး၏ အမေးကြောင့် ကျွန်ုပ်တို့စုံထောက်များ ထိတ်ထိတ်ပျာပျာဖြစ်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏ ။

မင်းကြီးက စိတ်မရှည်ဘဲ မေးခွန်းထုတ်ပြန်၏ ။ ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက အယောင်ယောင် အမှားမှားဖြင့်

“ ဟို . . . ဟို . . . ကျွန်တော်မျိုးတို့ ရုပ်သေးအကြောင်း ပြောနေတာပါ ”

ဟုပြောလိုက်လေ၏ ။

ဦးပေါ်ဦး၏ အဖြေကြောင့် စုံထောက်မင်းကြီးသည် မျက်လုံးပြူးသွားပြီး

“ အို . . . လူကလေးတို့က ရုပ်သေးအကြောင်းပြောနေတယ်။ ဟုတ်လား။ ရုပ်သေး အကြောင်းကို ဘယ်သူစပြောတာလဲ ”

ဟု မေးမြန်းလိုက်လေ၏ ။

ထိုအခါ ဦးပေါ်ဦးကြီးက မင်းကြီးကိုကြည့်၍ အထိတ်ထိတ် အလန့်လန့်ဖြင့်

“ ရုပ် . . . ရုပ်သေးအကြောင်းကို ကျွန်တော်မျိုး စပြောတာပါ ”

ဟု ပြောလေ၏ ။

ထိုအခါ စုံထောက်မင်းကြီးက ဦးပေါ်ဦးကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

“ နေပါဦး ၊ လူကလေးက ရုပ်သေးအကြောင်းကို ဘယ်တုန်းက စသိတာလဲ ”

ဟု မေးမြန်းလေရာ

ဦးပေါ်ဦးကြီးက ညက ပုဇွန်တောင်ပန်းခြံတွင် ရုပ်သေးပွဲ အကြောင်းကို သတိရ၍

“ ဟို . . . ဟို . . . ကျွန်တော်မျိုး ရုပ်သေးအကြောင်းကို ညကတည်းက သိခဲ့တာပါ ”

ဟု အထိတ်ထိတ် အပျာပျာဖြင့် ပြန်လည်ဖြေဆိုလိုက်လေတော့၏ ။

စုံထောက်မင်းကြီးက အလွန်အံ့သြသွားပြီး

“ အို . . . ဒီကိစ္စမှာ လူကလေး သိပ်တော်သွားပြီ၊ အမှုဖြစ်တဲ့နေရာကို တာဝန်ချိန်မဟုတ် ဘဲ တခြားစုံထောက်တွေထက် ရှေ့ကိုကြိုရောက်နေတယ်၊ လူသတ်မှုနဲ့ပတ်သက်ပြီး ပြောပြ ပါအုံး”

ဟု မေးမြန်းလေရာ စုံထောက်ဦးပေါ်ဦးက မင်းကြီးကို နားမလည်နိုင်ဟန်ဖြင့်ကြည့်၍

“ ဟို . . . ဟို . . . ဘယ်လူသတ်မှုကိုပြောတာလဲ သခင်၊ ကျွန်တော်မျိုး မသိလို့ မေးပါ ရစေ”

ဟု ပြန်လည်ပြောဆိုလေ၏။

ထိုအခါ စုံထောက်မင်းကြီးက ဦးပေါ်ဦးကို မျက်မှောင်ကြုတ်ကြည့်ပြီး

“လူကလေးအတော်နားဝေးတာပဲ၊ ဘယ်လူသတ်မှုကို မေးရမှာလဲ၊ ရုပ်သေးနဲ့ ပတ်သက်တဲ့ လူသတ်မှုကို မေးတာပေါ့၊ ညက လူသတ်မှုဖြစ်တဲ့နေရာမှာ လူကလေးရှိနေတယ်ဆို”

ဟု ပြောလေရာ

ဦးပေါ်ဦးကြီးသည် မင်းကြီးကိုကြည့်၍ ကြောင်အမ်းအမ်း ဖြစ်သွားပြီး

“ ဟို . . . ဟို . . . ညက ကျွန်တော်မျိုးကြီး ရုပ်သေးနဲ့ အတူရှိနေတယ်ဆိုတာ၊ ကျွန်တော် မျိုးတို့ ပုဇွန်တောင် လိပ်ကန်မှာပြတဲ့ ရုပ်သေးပွဲကြည့်ခဲ့တာကို ပြောတပါ၊ သခင် ”

ဟု ပြောလေရာ

စုံထောက်မင်းကြီးသည် အလွန်ဒေါသူပုန်ထသွားပြီး

“ တိတ်စမ်း . . . လူသတ်မှုကို မသိဘဲနဲ့ ကျွန်ုပ်ကို ထင်ရာတွေ လာပြောနေတယ်။ ကျွန်ုပ်ပြောတဲ့ လူသတ်မှုဆိုတာ သဃ်န်းကျွန်း ဘူတာရုံနဘေးက၊ ဆေးလိပ်ခုံပိုင်ရှင် သူဌေး ကိုသီလဆိုတဲ့လူ အသတ်ခံရတာ ကို

ပြောနေတာ၊ ကိုသီလက သင်္ချိုင်းကျွန်းဘူတာရုံအနီးက၊ ကျွန်းအိမ်မည်းကြီးမှာ တစ်ယောက်တည်းနေတယ်၊ ဒီမနက် ကိုသီလကို နွားနို့ပို့တဲ့ ကုလားမဟာ ကိုသီလကိုခေါ်မရတာ နဲ့ အိမ်နောက်ဘက် တံခါးက ကျော်ဝင်ပြီး ကြည့်တဲ့အခါ ဧည့်ခန်းထဲမှာ သေဆုံးနေတဲ့ ကိုသီလရဲ့ အလောင်းကိုတွေ့တာပဲ၊ သင်္ချိုင်းကျွန်းဂါတ်က ဒီအမှုကို မနိုင်တဲ့ အတွက် ကျုပ်တို့ စီအိုင်ဒီကို အကူအညီတောင်းထားတယ်။ ဒါကြောင့် လူကလေးတို့အားလုံး လူသတ်မှုဖြစ်ရာအိမ်ကို အမြန်ဆုံး သွားကြပါ၊ စီအိုင်ဒီရဲ့ဟီးရိုးဖြစ်တဲ့ ဆားပုလင်းမင်းအောင်ကိုလည်း အမြန်ဆုံးရှာပြီး ခေါ်သွားကြပါ၊ ဆားပုလင်းမင်းအောင်နဲ့ တွေ့ရင် ပြောပေးပါ၊ သတင်းစာထဲက စီအိုင်ဒီကိုလှောင်ပြောတာ မခံရအောင် တရားခံကို အမြန်ဆုံးဖမ်းပေးပါ၊ ကျွန်ုပ် အမိန့်ပေးတယ်လို့”

ဟု ပြောလေ၏ ၊

ထိုအခါ စုံထောက်ကျော်များလည်း တရားခံများကို အမြန်ဆုံးဖမ်းဆီးပေးမည်ဖြစ်ကြောင်း ပုလိပ်မင်းကြီးအား သူ့ထက်ငါ အလုအယက် ပြောဆိုကြလေ၏ ။

သို့သော် စုံထောက်မင်းကြီးမှာ ၎င်းတို့၏ စားကို ယုံကြည်ဟန်မရှိဘဲ

“ လူကလေးတို့အားလုံး ကတိကိုလွယ်လွယ်ပေးကြတယ်၊ လက်တွေ့မှာတော့ တရားခံကို ဆားပုလင်းမင်းအောင်ကပဲ ဖမ်းသွားတာဖြစ်တယ်၊ ကျွန်ုပ်ကတိတွေ မလိုချင်ဘူး၊ လက်တွေ့ တရားခံကို ဖမ်းပြတာပဲ လိုချင်တယ် ”

ဟု ပြောကာ ကျွန်ုပ်တို့ စုံထောက်ကျော်များလည်း မင်းကြီးရုံးခန်းထဲမှ ဇတ်ကလေးပု၍ ထွက်လာခဲ့ကြလေတော့၏ ။

စုံထောက်များ ရုံးခန်းအပြင်သို့ ရောက်သောအခါ စုံထောက် ကိုတင်လှတို့ လူစုသည် မှုခင်းဖြစ်ရာ သင်္ချိုင်းကျွန်းခြံကြီးထဲသို့

အရင်ဆုံးရောက်ရှိနိုင်ရန်အတွက် စီအိုင်ဒီရှိ ကားစုတ်ကြီးကို ကမန်းကတန်း စက်နှိုးနေလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးမှာမူ ထိုကားစုလေးကို စက်နှိုး၍ ဆားပုလင်းမင်းအောင်ရှိရာ ကျောက်မြောင်း၊ အသောကလမ်းထဲသို့ ထွက်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ယနေ့နံနက် အိမ်၌ ရှိနေဦးမည်ထင်၏။

ကျွန်ုပ်တို့ ကျောက်မြောင်း၊ အသောကလမ်းသို့ ရောက်ရှိသွားသောအခါ သူ၏ နေအိမ်ထဲတွင် ပက်လက်လှဲရင်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသော ဆားပုလင်းမင်းအောင်ကို တွေ့ရလေ၏။

ဆားပုလင်းမင်းအောင်၏ အနီးတွင် ပြန့်ကျဲနေသော စာအုပ်စာတမ်းများနှင့် ဆေးလိပ်တိုများကို မြင်တွေ့သဖြင့် ဆားပုလင်းမင်းအောင်သည် အလွန်လေးနက်သော အကြောင်းအရာတစ်ခုကို စဉ်းစားဆင်ခြင်နေသည်ဟု ခန့်မှန်းရ၏။

ဆားပုလင်းမင်းအောင်က မျက်လုံးမှိတ်၍ စဉ်းစားနေရာမှ ကျွန်ုပ်တို့ကားသံကို ကြားလိုက်ရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ပြီး

" လာဗျို့ ခင်ဗျားတို့နှစ်ယောက် ကျုပ်အိမ်ကို ကမူးရှူးထိုး ရောက်ရှိလာပုံထောက်ရင် စီအိုင်ဒီမှာ အမှုဖြစ်ပြီနဲ့တူတယ် "

ဟု ပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်ဗျို့၊ စီအိုင်ဒီမှာ လူသတ်မှုဖြစ်လို့ ကိုစိန်မြင့်တို့လူစုကတော့ အခင်းဖြစ်တဲ့ သဃ်နန်းကျွန်းဘူတာရုံအနီးက အိမ်ကို အလုအယက်သွားနေကြပြီ၊ ကျုပ်တို့ကတော့ ထုံးစံအတိုင်း ကိုမင်းအောင်ပါမှ ဖြစ်မယ်ဗျို့ "

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်ထံမှ ဖိုဒ့်ကားစုတ်ကလေး၏ သော့ကို တောင်းယူ၍ လူသတ်မှုဖြစ်ပွားရာအိမ်သို့ ၎င်းကိုယ်တိုင်ဦးဆောင်ပြီး မောင်းနှင်၏ ။

ကျွန်ုပ်တို့ စုံထောက်ကျော်များ လူသတ်မှုဖြစ်ပွားရာ ခြံကြီးသို့ ရောက်သောအခါ ခြံရှေ့တွင် ပုလိပ်သားတစ်ဦး စောင့်ကြပ်နေပြီး လူများ ဝိုင်းအုံကြည့်ရှုနေကြောင်း တွေ့ရ၏ ။

ကျွန်ုပ်၏ ဖိုဒ့်ကားစုတ်ကလေး ထိုးရပ်သွားသောအခါ စီအိုင်ဒီမှ စုံထောက်များကို မြင်ချင်ဇောဖြင့် လူများသည် တိုးဝှေ့ပြီး ကြည့်ရှုကြ၏ ။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ဂုဏ်ယူဟန်ဖြင့် ရင်ကိုကော့၍ ကားပေါ်မှဆင်းလိုက်ပြီး

" ဟဲ ဟဲ . . . လူတွေဟာ ကျုပ်တို့ကို စီအိုင်ဒီက စုံထောက်တွေဆိုပြီး အထင်ကြီးကြီး ကြည့်နေကြတယ်။ ကျုပ်ရဲ့ ဥပဓိရုပ်ကိုမြင်ရင် လူတွေ ပိုပြီးတော့ အထင်ကြီးသထက် ကြီးသွားနိုင် တယ် "

ဟု ပြောလိုက်ရာ ကျွန်ုပ်လည်း စုံထောက်ဦးပေါ်ဦး၏ နည်းတူ မသိမသာ ရင်ကိုကော့ထား လိုက်လေ၏ ။

ဆားပုလင်းမင်းအောင်ကမူ လူစုလူဝေးကြီးကို ဂရုစိုက်ဟန်မရှိဘဲ ကားပေါ်မှ ဣန္ဒြေရရ ဆင်း၍ ရှေ့မှ ဦးဆောင်ပြီး လူသတ်မှုဖြစ်ပွားရာ ခြံကြီးထဲသို့ ဝင်ရောက်ခဲ့လေ၏ ။

ထိုအခါ အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ကျွန်ုပ်တို့ကို စောင့်ကြိုနေသော သဃ်န်းကျွန်း ဂါတ်မှ ဌာနအုပ်ဦးဗလကို တွေ့ရလေ၏ ။

ဦးဗလက ကျွန်ုပ်တို့ကို ခရီးဦးကြိုဆို၍

" လူသတ်မှုကတော့ တော်တော်ဆန်းကြယ်မဲ့ပုံဖြစ်မယ် ထင်တယ်၊

သေသူ ကိုသီလဆိုတာ ဆေးလိပ်ခုံပိုင်ရှင်တစ်ဦးဖြစ်ပေမဲ့ သဃ်န်းကျွန်းဘက်မှာတော့ ဘယ်သူနဲ့မှ အပေါင်းအသင်း လုပ်တာမဟုတ်ဘူးဗျ၊ သူ့ရဲ့ခြံနီးချင်းနေထိုင်တဲ့လူတွေတောင် သူ့ကို တရင်းတနှီး မရှိကြဘူး”

ဟု ပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က ဌာနအုပ်ကို မည်သည့်စကားမှ မဆိုတော့ဘဲ

“ ကဲ . . . သေသူရဲ့အလောင်းက အပေါ်ထပ်မှာထင်တယ်၊ ကျုပ်တို့ ကြည့်ရအောင်၊ တကယ်တော့ သဲလွန်စမပေါ်တဲ့အမှုဆိုတာ မရှိပါဘူးဗျာ၊ သေသေချာချာမြင်နိုင်အောင် ကြည့်လိုက်ရင် ဖြစ်ပါတယ် ”

ဟု ပြောလေ၏ ။

ထို့နောက် ဆားပုလင်းမင်းအောင်သည် အိမ်ကြီး၏ အပေါ်ထပ်သို့ ဦးတည်ဝင်ရောက်သွား လေ၏ ။

အိမ်ကြီးမှာ ရှေးဆန်သလောက် အိမ်ထဲတွင်ရှိသော အိမ်ထောင်ပရိဘောဂမှာလည်း ရှေးဆန်သော ပရိဘောဂများသာဖြစ်ကြောင်း တွေ့ရ၏ ။

အိမ်ကြီး၏ အပေါ်ထပ်သို့တက်သော ကျွန်းလှေကား၏ အဆုံးတွင် ရုပ်သေးကြိုးဆွဲနေသော အလွန်မြန်မာဆန်သည့် အဘိုးကြီးတစ်ယောက်၏ ရုပ်ပုံပန်းချီကားချပ်ကို တွေ့ရလေ၏ ။

ပန်းချီဆရာ၏ အမည်မှာ အောက်တွင် ဆရာထုံဟု ရေးထိုးထားလေ၏ ။

ဆားပုလင်းမင်းအောင်သည် ပန်းချီကားကို ခေတ္တမျှ ကြည့်ရှုပြီးနောက် အိမ်၏ အပေါ်ထပ်သို့ တက်သွားလေ၏ ။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးမှာလည်း ဆားပုလင်းမင်းအောင်၏

အနောက်သို့ တကောက်ကောက် လိုက်သွားလေ၏ ။

အိမ်ကြီး၏ အပေါ်ထပ်တွင် စီအိုင်ဒီမှ စုံထောက်ကျော်များဖြစ်ကြသော စုံထောက် ကိုစိန်မြင့် ၊ ကိုတင်လှ စသော စုံထောက်များကို မျက်စိနောက်ဖွယ် တွေ့မြင်ရလေ၏ ။

ထို့နောက် ကိုတင်လှသည် ၎င်းအား အထင်ကြီးဟန်ဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသော ပုလိပ်သားများ၏ ရှေ့တွင် ရင်ကိုကော့၍ ရပ်နေပြီး

" စုံထောက်ပညာဆိုတာ နယ်နယ်ရရမဟုတ်ဘူးကွ၊ ကျုပ်တို့ဒီအိုင်ဒီက စုံထောက်တွေဟာ မင်းတို့ပုလိပ်တွေထက် အများကြီး ပိုပြီးအမြင်စွန်းရောက်တယ်၊ သဲလွန်စလေးတစ်ခုကိုမြင်တာနဲ့ တရားခံဟာ ဘယ်သူလဲဆိုတာ တမ်းပြီးပြောနိုင်တဲ့ပညာတွေတတ်တယ်၊ ဒါကြောင့်လည်း စီအိုင်ဒီမှာ စုံထောက်ကိုတင်လှဆိုရင် နာမည်သတင်းကြီးနေတာပေါ့ကွာ "

ဟု ပြောလေရာ ၎င်း၏ မိမိကိုယ်မိမိ ဂုဏ်ယူနေသည်ကို အမြင်ကတ်လှသော ပုလိပ်လေး တစ်ဦးက

" ဒါဆိုရင်လည်း ဆရာရဲ့စုံထောက်ပညာ အသုံးပြုပြီး ဒီနေ့ဖြစ်တဲ့ လူသတ်မှုကို သံလွန်စလေး နည်းနည်းကောက်ပြပါလား "

ဟု ပြောလေရာ စုံထောက် ကိုတင်လှသည် မျက်နှာပျက်သွားပြီး

" ဒီအမှုကတော့ ရှင်းပါတယ်ကွ၊ သေသူကိုသီလဟာ ဆေးလိပ်ခုံပိုင်ရှင်ဆိုတော့ ဆေးလိပ် ခုံပိုင်ရှင်တွေဟာ များသောအားဖြင့် ဆေးလိပ်ခုံမှာ အလုပ်လုပ်တဲ့ မိန်းကလေးတွေနဲ့ ဇာတ်လမ်း ဖြစ်တတ်တယ်။ ဒါ မိန်းမမှုနဲ့ပတ်သက်တာပဲ၊ ကျုပ်အထင်ပြောရရင် ဦးသီလဟာ ဆေးလိပ်ခုံ ပိုင်ရှင်ဆိုပြီး မိန်းကလေးတစ်ယောက်ကို စော်ကားမော်ကားပြုကျင့်လိမ့်မယ်၊ သူစော်ကားတဲ့အခါမှာ မိန်းကလေးရဲ့ရည်းစား၊ ဒါမှမဟုတ် မိန်းကလေးရဲ့အစ်ကိုမောင်တွေဟာ မကျေနပ်လို့ ကိုသီလကို သတ်သွားတာပဲ "

ဟု ထင်ရာမြင်ရာ ပြောဆိုနေ၏ ။

ထိုအခါ ကိုတင်လှ၏ မိမိကိုယ်မိမိ ဂုဏ်တင်ပြောဆိုသော စကားများကို မကျေမချမ်းဖြစ်လာသော စုံထောက် ကိုစိန်မြင့်က

“ ကျုပ်တော့ ဒီလိုမထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သေသူဟာ အလွန်ရှေးရိုးဆနတဲ့ပုံစံ ရှိတယ်၊ ဒီလောက်ရှေးရိုးဆန်တဲ့လူဟာ မိန်းမကိစ္စမှာ ရှုပ်ပွေပါ့မလား ”

ဟု ဝင်၍ ပြောဆိုလေ၏ ။

ကိုစိန်မြင့်၏ စကားကြောင့် စုံထောက် ကိုတင်လှက မျက်နှာ ရှုံ့မဲ့သွားပြီး

“ ဒီမှာ ကိုယ့်လူ၊ ရွာမှာရှိတဲ့ကျုပ်ဘကြီး ရိုးတာ ဒီလူထက်တောင် ဆယ်ဆလောက်သာ သေးတယ်။ ဝတ်တာ ဆင်တာကအစ ရောင်ကြီးဖွေ့နဲ့၊ တောင်ရှည်ပုဆိုးနဲ့၊ ရင်ဖုံးအကျႌနဲ့ ယူထားတဲ့ မိန်းမကတော့ ကျုပ်တို့ တရားဝင်သိတာ ရှစ်ယောက်လောက်ရှိတယ် ”

ဟု ပြောလေရာ စုံထောက် ကိုစိန်မြင့်က နှာခေါင်းရှုံ့၍

“ ဒါကတော့ ခင်ဗျားတို့အမျိုးက နောက်ပိုးသန်တဲ့အမျိုးကိုဗျ၊ သူများတကာတွေကတော့ ဒီလောက်ဆိုးမယ် မထင်ပါဘူးဗျာ”

ဟု ပြောလေရာ စုံထောက် ကိုတင်လှသည် မျက်နှာကြီး ရှုံ့မဲ့သွားလေ၏ ။

ထိုအချိန်တွင် ဆားပုလင်းမင်းအောင်သည် အိမ်တစ်ခုလုံး လှည့်ပတ်ပြီး စစ်ဆေးနေလေ၏ ။

ကျွန်ုပ်တို့လည်း ဆားပုလင်းမင်းအောင်နောက်မှ တကောက်ကောက် လိုက်ကြလေ၏ ။

အိမ်ကြီး၏ ရှေးဆန်သော မှန်ဘီရိုကြီးများထဲတွင် ရုပ်သေးရုပ်အမျိုးမျိုးကို တွေ့ရလေ၏။ ဆားပုလင်းမင်းအောင်သည် ရုပ်သေးရုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှု၏

စုံထောက်ကြီး ဦးပေါ်ဦးက မှန်ဘီရိုအတွင်းရှိ ရုပ်သေးရုပ်များကို ကြည့်ရှုရင် တဟားဟားရယ်မောကာ

“ မင်းကြီးနဲ့ကျုပ် ရုပ်သေးရုပ်ပြဿနာတက်တာ ဒါကြောင့်ကိုး၊ ဗျ၊ မင်းကြီးက လူသတ်မှု အကြောင်း ပြောမလို့လုပ်တုန်း ကျုပ်က ရုပ်သေးရုပ်တွေကို သိတယ်ဆိုတော့ အလွန်အထင်ကြီး သွားတယ် ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

“ ဒါကတော့ မင်းကြီးနဲ့ခင်ဗျားရဲ့ ထုံးစံပဲ၊ မင်းကြီးဟာ ပထမတော့ ခင်ဗျားကို အထင်ကြီးတယ်၊ နောက်တော့ အကြောင်းသိသွားပြီး ဒေါသတကြီး ဆူပူကြိမ်းမောင်းမယ်၊ စီအိုင်ဒီရဲ့ ရာဇဝင်မှာ ဒါမျိုးတွေ ရိုးနေပါပြီဗျာ”

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်သည် ရုပ်သေးထည့်ထားသော မှန်ဗီရိုများတွင် လှည့်လည်ကြည့်ရှုပြီး တစ်နေရာသို့ ရောက်သောအခါ ရပ်တန့်လိုက်၏။

ထိုနေရာရှိ မှန်ဗီရိုထဲတွင် ရုပ်သေးရုပ်တစ်ရုပ်မှာ မရှိတော့ဘဲ ကွက်လပ်ဖြစ်နေလေ၏။

ဆားပုလင်းမင်းအောင်သည် ထိုမှန်ဘီရိုကိုဖွင့်၍ အတွင်းရှိ ကွက်လပ်ဖြစ်နေသောနေရာကို ကြည့်ရှုလေ၏။

ထို့နောက် အခန်းအလယ်ရှိ သေသူနှင့် မနီးမဝေးရှိ စားပွဲကြီးရှိရာသို့ သွားရောက်ပြီး ကြည့်ရှုနေလေ၏။

သေသူသည် အလွန်ရှေးကျသော ကျွန်းကုလားထိုင်၌

ထိုင်လျက်အနေအထားဖြင့် သေဆုံးနေခြင်းဖြစ်လေ၏။ သေသူ၏ ရင်ဝ၌ သွေးများယိုစီးပြီး ကြမ်းပြင်ပေါ်သို့ပင် အိုင်ထွန်း၍ ကျရောက် နေလေ၏။

ဆားပုလင်းမင်းအောင်သည် သေသူကို တစ်ခဏမျှသာ ကြည့်ရှုပြီး အိမ်ပတ်ဝန်းကျင်အနှံ့ လှည့်လည်ကြည့်ရှု၏။

ဆားပုလင်းမောင်းအောင်သည် သေသူ၏ အိမ်ခန်းအတွင်းသို့ ဝင်သွားပြီးနောက် အဝတ်ဗီရို ကြီးကို မွှေနှောက်ရှာဖွေနေပြန်၏။

သူသည် အိမ်ကြီး၏ အောက်ထပ်သို့ ဆင်းသွားပြန်၏။ ထိုအခါ ကျွန်ုပ်တို့နှစ်ယောက်လည်း ဆားပုလင်းမင်းအောင်၏ နောက်မှ လိုက်ခဲ့ရပြန်၏။

ဆားပုလင်းမင်းအောင်သည် ခြံဝင်းထဲသို့ လှည့်လည်ကြည့်ရှု၏။ ပြီးနောက် အိမ်ရှေ့ဂရန်တာအနီးရှိ ပြတင်းပေါက်တစ်ခုအနားသို့ တိုးကပ်၍ ကြည့်ပြန်၏။

ပြတင်းပေါက်မှတစ်ဆင့် ဂရန်တာအောက်ခြေသို့ ခုန်ဆင်း၍ ကြည့်ရှု၏ ။

ပြီးနောက် ပြန်ဆင်းလာပြီး သက်ပြင်းချကာ

“ လူသတ်သမားက နယ်နယ်ရရတော့ မဟုတ်ဘူး၊ အတော့်ကို ဖျတ်လတ်သွက်လကတဲ့ လူပဲ”

ဟုဆိုကာ ဂရန်တာကို မော့ကြည့်၍

“ သူဟာ ဟောဒီပြတင်းပေါက်ဘောင်ပေါ်ကို ခြေနဲ့နင်းပြီး ပြတင်းပေါက်သံတန်းတွေကို လက်နဲ့ဆွဲလိုက်တယ်၊ ပြီးတော့ ဂရန်တာပေါ်ကို လွှားခနဲ ခုန်ဆွဲပြီးတက်သွားတာပဲ ”

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက မျက်လုံးပြူးသွားပြီး

“ ဟိုက် . . . ပြတင်းပေါက်ကို ခုန်ဆွဲပြီးတာနဲ့ ဂရန်တာပေါ်ကို

ခုတ်တက်သွားတယ် ဟုတ်လား၊ ဒီလူဟာ မျောက်လို လျှင်မြန်ဖျတ်လတ်တဲ့လူပဲ ”

ဟု ချီးမွမ်းလိုက်၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ပြတင်းပေါက်ဘောင်ပေါ်မှာ လူသတ်သမားရဲ့ခြေရာကို တွေ့ရတယ်၊ နောက်ပြီး ဂရန်တာအောက်ခြေမှာလည်း လူသတ်သမားရဲ့ ခုန်ဆွဲထားတဲ့လက်ရာကို တွေ့ရတယ်၊ လူသတ်သမား အရှိန်နဲ့ပြေးလာပြီး ပြတင်းပေါက်ဘောင်ပေါ်ကို တက်တယ်၊ ပြီးတော့ ဂရန်တာအောက်ခြေကို လက်နဲ့ဆွဲပြီး အပေါ်ထပ်ကို ဇွေ့ခနဲ ခုန်တက်သွားတာပဲ၊ ဒါကြောင့် လူသတ်သမားဟာ သိုင်းသမားတစ်ယောက် ဖြစ်နိုင်တယ်၊ သိုင်းပညာအပြင် ကျွမ်းဘားပညာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားပုံရတယ်”

ဟု မှတ်ချက်ချလေ၏။

ထိုအခါ ကျွန်ုပ်က ဝင်ရောက်၍

“ လူသတ်သမားက တစ်ချက်တည်းနဲ့ ဂရန်တာကို ခုန်ဆွဲပြီး တက်သွားတယ်ဆိုတော့ အပေါ်ထပ်မှာ သေသူနဲ့ ထိပ်တိုက်တွေ့တော့မှာပေါ့ ”

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“သေသူဟာ အပေါ်ထပ်မှာ တစ်ယောက်တည်းရှိပုံရတယ်။ သူတို့နှစ်ယောက်ဟာ အရင်က ရန်ငြိုးရန်စ ကြီးကြီးမားမား ရှိခဲ့ပုံရတယ်။ လူသတ်သမားက သေသူကို ရင်ဆိုင်တိုက်ခိုက်ခဲ့တယ်။ သေသူကလည်း မခေဘူးဗျ၊ လူသတ်သမားနဲ့ယှဉ်ပြီး ကိုယ်ခံပညာချင်း ယှဉ်ခဲ့ပုံရတယ်၊ သူတို့ နှစ်ယောက်ရဲ့ တိုက်ခိုက်ထားတဲ့ ခြေရာလက်ရာတွေဟာ အခန်းထဲမှာ မြင်တွေ့ရတယ်၊ သေသူဟာ လူသတ်သမားကို ရှုံးနိမ့်ပြီး အခန်းလယ်မှာရှိတဲ့ ကုလားထိုင်ကြီးပေါ်မှာ

ထိုင်ချလိုက်တယ်၊ အဲဒီ အချိန်မှာ လူသတ်သမားက မှန်ဗီရိုထဲမှာရှိတဲ့ ရုပ်သေးရုပ်ကိုယူပြီး သေသူကို ရုပ်သေးကြိုးဆွဲ ကပြခဲ့သေးတယ်”

ဟု ပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် မယုနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားလေ၏။

စုံထောက်ဦးပေါ်ဦးကြီးက

“ ဟင် . . . လူသတ်သမားဟာ အတော်သွေးအေးတာပဲနော်၊ သူ့ရဲသတ္တိလည်း ရှိပုံရတယ်၊ ဘာကြောင့်လည်းဆိုတော့ သေလုမြောပါး ဖြစ်နေတဲ့လူရဲ့ရှေ့မှာ ရုပ်သေးရုပ်ကို ကြိုးဆွဲပြီး ကပြခဲ့သေးတယ် ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ဟုတ်တယ်ဗျို့၊ လူသတ်သမားဟာ အတော်အသည်းကောင်းတဲ့လူပဲ၊ သေသူကို ရုပ်သေးကြိုးဆွဲကပြရုံတင်မကဘူး၊ သီချင်းတွေပါ ဆိုပြရင် ဆိုပြနိုင်သေးတယ်၊ ဘာကြောင့်လဲဆိုတော့ မြန်မာ့ရုပ်သေးမှာ ရုပ်သေးကြိုးဆွဲရုံနဲ့ မပြီးသေးဘူးလေ၊ သီချင်း၊ အဆို၊ အငို၊ အက ပညာ တွေလည်း ပါသေးတယ်၊ ဒါကြောင့် လူသတ်သမားက သေသူကို ဖျော်ဖြေမယ်ဆိုရင် ရုပ်သေးကြိုးဆွဲရုံတင်မကဘူး၊ ရုပ်သေးသီချင်းတွေ ဘာတွေ ဆိုပြရင် ဆိုပြနိုင်သေးတယ် ”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ခေါင်းကိုကုတ်၍

“ အတော်သတ္တိကောင်းတဲ့လူပဲဗျာ၊ ကိုယ့်ရန်သူရှေ့မှာတောင် အေးအေးဆေးဆေး ရုပ်သေးတွေက၊ သီချင်းတွေဆိုပြီး လုပ်နေသေးတယ်၊ ဒီလိုတရားခံမျိုးက ဖမ်းရ ဆီးရ အတော်ခက်မဲ့ တရားခံမျိုးဗျ”

ဟု ညည်းညူလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ဟုတ်တယ်ဗျို့၊ လွယ်လွယ်ကူကူတော့ ဖမ်းလို့ရနိုင်မယ် မထင်ဘူး။

သူတို့နှစ်ယောက်ရဲ့ ကြားမှာဖြစ်ခဲ့တဲ့ ရန်ငြိုးရန်စက အတော်ကြီးပုံရတယ်။ အဲဒီ ရန်ငြိုးရန်စဟာလည်း မှန်ဗီရိုထဲက ပျောက်ဆုံးနေတဲ့ ရုပ်သေးရုပ်ကလေးနဲ့ ပတ်သက်နေမယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီ ရုပ်သေးရုပ်ကလေးကို ရွေးယူပြီးတော့ လူသတ်သမားက သေသူကို ဖြေဖျော်ခဲ့သေးတယ်ဗျ၊ သေသူရှိရာ စားပွဲခုံကြီးမှာ ဖုန်တွေ တက်နေတယ်၊ ဒါပေမဲ့ ရုပ်သေးကြိုးဆွဲသွားတဲ့ ခြေရာလက်ရာ တွေကို စားပွဲခုံပေါ်မှာ မြင်တွေ့ရတယ်၊ ပထမတော့ သေသူနဲ့ တရားခံ တိုက်ခိုက်ခဲ့တဲ့ ခြေရာ လက်ရာတွေလို ထင်မိတယ်၊ ဒါပေမဲ့ သေသေချာချာကြည့်တော့ ရုပ်သေးကြိုးဆွဲသွားတဲ့ ခြေရာ လက်ရာတွေဗျ၊ တရားခံစာ သေသူကို အားရပါးရ ရုပ်သေးပညာနဲ့ ဖြေဖျော်ပြီးတော့မှ အေးအေး ဆေးဆေး ဂရန်တာက ပြန်ပြီးခုတ်ဆင်းသွားတာဗျ၊ ဟောဒီအိမ်ကြီးရဲ့နံရံမှာ ချိတ်ထားတဲ့ အဲမောင်းလုံ့တွေ၊ ဓားရှည်တွေ၊ နှစ်ချောင်းဆက် တုတ်ဆက်ကိုကြည့်ခြင်းအားဖြင့် သေသူဟာ သိုင်းပညာမှာ ခေမဲ့ပုံမပေါ်ဘူးဗျ၊ ဘာပဲဖြစ်ဖြစ် ပညာသားပါတဲ့ အမှုတွေ မလိုက်တာကြာပြီဗျာ၊ အခုလို အရည်အချင်းရှိတဲ့ တရားခံမျိုးနဲ့တွေ့ရမှာ ကျုပ်တော့ ကျေနပ်မိတယ်”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

“ ကိုမင်းအောင်ပဲ ကျေနပ်နေတယ်ဗျို့၊ ကျုပ်တော့ တရားခံကို ဖမ်းလို့မမိသေးလို့ မင်းကြီး ဆူပူကြိမ်းမျှာ ကြိုပြီးမြင်ယောင်နေမိတယ် ”

ဟု ညည်းညူလေ၏။ စုံထောက် ဦးပေါ်ဦးကြီးကလည်း ဝင်ရောက်၍

“ အဟုတ်ပဲဗျို့၊ မနက်ကတောင် ရုပ်သေးနဲ့ပတ်သက်ပြီး ကျုပ် အဆူခံလိုက်ရသေးတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ညကလည်း ပုဇွန်တောင်လိပ်ကန်ပန်းခြံမှာ ရုပ်သေးပွဲလာပြလို့ ကြည့်ခဲ့ရ သေးတယ်”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ဦးပေါ်ဦးကြီးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

“ လိပ်ကန်ပန်းခြံမှာ ညက ရုပ်သေးပွဲပြတယ် ဟုတ်လား ကျုပ်မသိလိုက်တာ နာတယ်ဗျာ၊ ရုပ်သေးပညာဟာ ဒီနေ့ခေတ်မှာ တိမ်ကောပပျောက်နေပြီ၊ ဒါကြောင့် ရုပ်သေးဆရာနဲ့တွေ့တိုင်း သူတို့ပညာကို တလေးတစားနဲ့ တန်ဖိုးထားပြီး ကြည့်မိတယ်”

ဟု ပြောလေ၏။

ဤကဲ့သို့ ကျွန်ုပ်တို့ စုံထောက်ကျော်သုံးဦး စကားလက်ဆုံကျနေစဉ် စုံထောက် ကိုစိန်မြင့် တို့လူတစ်စုသည် သေသူ၏ ရုပ်အလောင်းအနီးတွင် လူအထင်ကြီးအောင် ဟန်ရေးပြပြီး အလုပ်ရှုပ်နေလေ၏။

စုံထောက် ကိုစိန်မြင့်သည် သူ၏ အိတ်ထဲမှ မှန်ဘီလူးကြီးကို ထုတ်၍ သေသူ၏ ခြေထောက်အား သေချာစွာ ကြည့်နေလေ၏။

ထိုခအခါ စုံထောက် ဦးပေါ်ဦးကြီးသည် ကိုစိန်မြင့်တို့လူစုကို မျက်စိနောက်လာသဖြင့်

“ ဘယ်လိုလဲ ကိုစိန်မြင့်၊ ကျုပ်တို့ကြားဖူးတာက လက္ခဏာကြည့်တယ်ပဲ ကြားဖူးတယ်၊ ခင်ဗျားကတော့ ခြေခဏာတွေ ဘာတွေတောင် ကြည့်နေပြီထင်တယ်၊ သေသူရဲ့ ခြေခဏာကို ကြည့်တော့ ဘာတွေမြင်လဲ ”

ဟု မေးလေရာ ကိုစိန်မြင့်က စုံထောက် ဦးပေါ်ဦးကြီးကို မျက်စောင်းထိုးလိုက်ပြီး

“ ဘယ်ကလာ ခြေခဏာကြည့်ရမှာလဲ၊ သေသူရဲ့ ခြေဖဝါးကို သေသေချာချာကြည့်နေတာ၊ သူ့ခြေဖဝါးမှာ သဲတွေ၊ ဖုန်မှုန့်တွေနဲ့ ညစ်ပေနေတယ်”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက

“ ဒါများ ဘာဆန်းလို့လဲဗျာ၊ သဲတွေ ဖုန်တွေရှိနေတာ သေသူဟာ ဖိနပ်မစီးလို့ပေါ့ဗျ။ သူ့ရဲ့ ခြေထောက်မှာ ဖိနပ်မှ မတွေ့ရတာ ”

ဟု အူကြောင်ကြောင် ဝင်ရောက်ပြောဆိုလိုက်လေ၏ ။

ထိုအခါ စုံထောက်ကိုတင်လှကလည်း သူ၏ လက်ထဲမှ ပေကြိုးဘူးကြီးဖြင့် သေသူ၏ အရပ်အမောင်းအား တိုင်းလိုက်လေ၏ ။

ကျွန်ုပ်က စုံထောက်ကိုတင်လှကို အမြင်ကတ်လှသဖြင့်

“ ဘယ်လိုလဲ ကိုတင်လှ၊ သေသူရဲ့အရပ်ကိုတိုင်ပြီးတော့ သတင်းစာထဲထည့်မလို့လား၊ အပိုတွေလုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားတို့ဟာ သေသူရဲ့ အရပ်ကိုတိုင်းလိုက်၊ လက်ဗွေရာတွေ၊ ခြေဗွေရာတွေယူလိုက်၊ အခန်းထဲက ပေါက်ကရပစ္စည်းတွေကို စက္ကူနဲ့ထုပ်လိုက်နဲ့၊ လူအထင်ကြီးအောင် လုပ်နေတယ်၊ နောက်ဆုံးတော့ တရားခံကို ဆားပုလင်းမင်းအောင်ပဲ ဖမ်းပေးရတာ ပဲ ”

ဟု ပြောလေရာ စုံထောက်ကိုတင်လှက ကျွန်ုပ်ကို မျက်စောင်းထိုး၍ ကြည့်လိုက်ပြီး

“ ဒီမှာ ကိုအောင်လှ၊ အင်မတန်အရေးကြီးတဲ့အမှုကို လိုက်နေတဲ့အချိန်မှာ လမ်းကြောင်းလွဲသွားအောင် ဝေဖန်ကဲ့ရဲ့တာတွေ မလုပ်နဲ့ဗျာ၊ ခင်ဗျားတို့ဟာ ဆားပုလင်းမင်းအောင်ရဲ့ နောက်လိုက်တွေ၊ ကျုပ်တို့က နောက်လိုက်မဟုတ်ဘူး။ ကိုယ့်ဒူးကိုယ်ချွန်တဲ့လူဗျ”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ကိုတင်လှကိုကြည့်၍ ဟားတိုက်ရယ်မောလိုက်ပြီး

“ ချွန်ပါဗျာ ချွန်ပါ၊ ခင်ဗျားဒူးကို ခင်ဗျားရအောင်ချွန်၊ ကျုပ်တို့ကတော့ တရားခံကို ကိုမင်းအောင်ကပဲ ဖမ်းနိုင်မယ်ဆိုတာ ကြိုသိနေတဲ့အတွက် ခင်ဗျားတို့လို မလည်မဝယ်နဲ့ အပင်ပန်းမခံတော့ဘူး။ ဒီအမှုမျိုး ခင်ဗျားတို့လို ဉာဏ်ရည်မျိုးနဲ့ ဖော်ထုတ်နိုင်မှာမဟုတ်ဘူး။ စိတ်လျှော့လိုက် ”

ဟု ဝေဖန်ကဲ့ရဲ့လိုက်၏ ဆရာလှဆိုသော အဘိုးကြီးကလည်း

ဝင်ရောက်၍

“ ဒီမှာ ဦးပေါ်ဦး၊ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်တယ်၊ မိုင်တစ်ထောင်ဝေးတဲ့ခရီးရဲ့ အစဟာ ပထမဆုံးခြေလှမ်းဗျ၊ ဘယ်လောက်ခက်ခဲတဲ့အမှုဖြစ်ပါစေ၊ သဲလွန်စလေး တစ်စနှစ်စနဲ့ လိုက်သွားရင် နောက်ဆုံးနေ့မှာ တရားခံကို ဖမ်းမိမှာပဲ၊ ကျုပ်တို့ရဲ့ အားထုတ်ကြိုးပမ်းမှုတွေကို ပြက်ရယ်မပြုပါနဲ့ဗျာ ”

ဟု ပြောလေ၏ ။ ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက တဟားဟား ရယ်မော၍

“ ကြိုးပမ်းအားထုတ်မှုတွေ ဟုတ်လား၊ လူသတ်မှုဖြစ်ပြီဆိုရင်တော့ ဒီအနီးအနားမှာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်တဲ့ ဆင်းရဲသားနင်းပြားတွေ ခင်ဗျားတို့လက်ချက်နဲ့ ကံဆိုးရဦးမှာပါလား၊ ကျုပ်တော့ သူတို့အတွက် စိတ်မကောင်းပါဘူး ”

ဟု ပြောလေရာ ဆရာလှဆိုသော အဘိုးကြီး မျက်နှာမည်းကနဲ ဖြစ်သွားလေ၏ ။

၎င်းတို့သည် လူသတ်မှုဖြစ်ပွားသည့်အခါတိုင်း အနီးပတ်ဝန်းကျင်မှ ဆင်းရဲသားနင်းပြားများကို တရားခံဟု ယူဆကာ စီအိုင်ဒီသို့ ဖမ်းဆီးခေါ်ဆောင်ပြီး မရမက စစ်ဆေးလေ့ရှိ၏ ။

၎င်းတို့၏ ပယောဂကြောင့် ဆင်းရဲသားနင်းပြားများမှာ ဒုက္ခဆင်းရဲနှင့် ကြုံတွေ့ကြရ၏ ။

ထိုအချိန်၌ ပင် ဆားပုလင်းမင်းအောင်သည် အိမ်ကြီး၏ အောက်ထပ်သို့ ဆင်းလာသဖြင့် ကျွန်ုပ်တို့လည်း ဆရာလှတို့လူစုနှင့် အငြင်းမပွားတော့ဘဲ ကိုမင်းအောင်နောက်မှ လိုက်ခဲ့လေ၏ ။

ထိုအခါ စုံထောက် ကိုစိန်မြင့်၊ ကိုတင်လှ စသည်တို့သည် ကျွန်ုပ်တို့အား မကြားတကြား ပြောဆို၍ အိမ်ကြီး၌ ကျန်ရစ်ခဲ့လေတော့၏။

ဆားပုလင်းမင်းအောင်သည် အိမ်ကြီး၏ အောက်ထပ်သို့ ဆင်းပြီးနောက် လက်ယာဘက်တွင် နေထိုင်သော နွားမွေးမြူရေးလုပ်သည့် ကုလားများထံသို့သွား၍ လူသတ်မှုနှင့်ပတ်သက်သည့် အကြောင်းကို မေးမြန်းလေ၏။

အတန်ကြာအောင် မေးမြန်းပြီးနောက် ခပ်လှမ်းလှမ်းရှိ အကြော်ဆိုင်လေးရှိရာသို့ လှည့်၍ ထွက်ခဲ့၏။ ထိုဆိုင်၌ အဘွားအိုတစ်ဦးသည် အကြော်များကို ကြော်နေလေ၏။

ကိုမင်းအောင်သည် ကျွန်ုပ်တို့ကို ဦးဆောင်၍ အကြော်ဆိုင်၌ ဝင်ထိုင်လိုက်ပြီး အကြော် ကြော်နေသော အဘွားအိုအား

“ အကြော်သုံးပွဲပေးပါ အမေ ”

ဟု မှာလိုက်လေ၏။

ခဏကြာလျှင် အဘွားအိုသည် သန့်စင်သော ပန်းကန်ခွက်ယောက်များနှင့် ဘူးသီးကြော်များကို ယူဆောင်လာပြီး ကျွန်ုပ်တို့၏ စားပွဲတွင် လာချပေး၏။

ကျွန်ုပ်တို့သည် ဘူးသီးကြော်များကို မြည်းစမ်းကြည့်ရာ အဘွားအို၏ လက်ရာ အလွန်ကောင်းမွန်ကြောင်း တွေ့ရ၏။ ကျွန်ုပ်တို့စားပွဲသို့ ရေနွေးကြမ်းများ လာချပေးရင်း အဘွားအိုက

“ လူကလေးတို့က ဟိုဘက်အိမ်က လူသတ်မှုကို လာပြီးစုံထောက်တဲ့ စုံထောက်တွေလား”

ဟု မေးလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ဟုတ်ပါတယ် အမေ၊ ကျွန်တော်တို့က အင်းစိန်စီအိုင်ဒီက

စုံထောက်တွေပါ၊ ပုလိပ်တွေ မနိုင်တဲ့အမှုဆိုတော့လည်း စုံထောက်တွေက ဝင်ပါရတော့တာပေါ့ အမေရဲ့၊ ညက အမေတို့အိမ် ဘက်က ဘာသံမှ မကြားရဘူးလား”

ဟု မေးမြန်းလေ၏။

ထိုအခါ အဘွားအိုက မျက်မှောင်ကြုတ်၍

“ အမေတို့ဟာ အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်းနေတာကွဲ့၊ အမေတို့ မနက် စောစောထပြီး အကြော်ရောင်းရတဲ့လူတွေကိုတော့ ညဆို စောစောအိပ်တယ်၊ ညဆယ်နာရီ လောက်ဆို အိပ်သွားတာပဲ၊ ဒါကြောင့် ဟိုဘက်အိမ်က ဘာသံမှ မကြားလိုက်ဘူး၊ သူ့ခမျာလည်း ဂဠုန်ကြွေးရှိလို့ထင်ပါရဲ့၊ ဘယ်လိုလူကလာပြီး ရက်ရက်စက်စက် သတ်သွားလဲ မသိဘူး ”

ဟု ရေရွတ်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က

“ သေသွားတဲ့ ကိုသီလနဲ့ အမေတို့နဲ့ ရင်းနှီးကျွမ်းဝင်မှုမရှိဘူးလား”

ဟု မေးလေ၏။ အဘွားအိုက

“ ကိုသီလက ပတ်ဝန်းကျင်နဲ့ ရောရောနှောနှော နေလေ့မရှိဘူး။ ရပ်ကွက်မှာ ပွဲလမ်းသဘင်တွေရှိရင် အလှူအတန်းကို ရက်ရက်ရောရောထည့်တယ်၊ ဒါပေမဲ့ ဘယ်တော့မှ လာလေ့ မရှိဘူး၊ သူဟာ စကာလည်း အလွန်နည်းတော့ ဒီရပ်ကွက်ကိုရောက်တဲ့ ငါးနှစ်လောက်အတွင်းမှာ သူနဲ့စကားပြောဖူးတဲ့လူ အတော်ရှားတယ်၊ ဟိုဘက်ခြံက နွားမွေးတဲ့ကုလားတွေဆိုရင် ကိုသီလကို အလိုလိုရွံကြောက်ကြီးဖြစ်ပြီး စကားတောင် မပြောဝံ့ဘူး။ အမေတို့ကတော့ သူ့ရဲ့စရိုက်ကို နားလည်တယ်၊ အိမ်နီးချင်းတွေလည်းဖြစ်တော့ အိမ်မှာ အလှူအတန်းကလေးလုပ်ရင် သွားဖိတ်လို့ သူမလာရင်တောင်မှ

ချိုင့်နဲ့သွားပို့လေ့ရှိတယ်၊ ကိုသီလဟာ ပိုက်ဆံတတ်နိုင်တဲ့ သူဌေးတစ်ယောက်ဖြစ်ပေမဲ့ အိမ်မှာ ထမင်းချက်တောင် မထားဘူး၊ မနက်ဆိုရင် သူကိုယ်တိုင် ဈေးသွားပြီး ကိုယ့်ဘာသာ ချက်စားတာတွေ့ရတယ်၊ ကိုသီလဟာ ဈေးသွားဈေးပြန်လည်း ဘယ်သူ့ကိုမှ နှုတ်ဆက်လေ့မရှိဘူး၊ သူ့အိမ်ကို ဝင်ထွက်တဲ့သူဆိုလို့ နွားနို့ပို့တဲ့ ကုလားမ အမီနာပဲရှိတယ်။ အမီနာတောင် နွားနို့ပို့ပြီး ချက်ချင်းပြန်ပဲ။ စကားအပိုအလိုပြောတာ ကြိုက်တာမဟုတ်ဘူးကွဲ့”

ဟု ပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က ဘူးသီးကြော်ကို ကောက်ဝါးလိုက်ရင်း

“ ဒါဆိုရင် ညကဖြစ်တဲ့လူသတ်မှုနဲ့ ပတ်သက်ပြီးတော့ ပြောပြနိုင်တဲ့လူ အနီးပတ်ဝန်းကျင်မှာ တစ်ယောက်မှမရှိဘူးပေါ့”

ဟု မေးမြန်းလေ၏ ။

ထိုအခိုက်မှာပင် ၎င်းတို့၏ စကားကို နားစွင့်နားဖျားကြားဟန်ရှိသော အဘိုးအိုသည် ဘူးသီးစိတ်ကြီးကိုကိုင်၍ အနီးသို့ရောက်လာပြီး

“ အဘိုးတို့လင်မယား မပြောနိုင်ပေမဲ့ အဘိုးတို့ခြံထဲမှာ ဝင်အိပ်တဲ့ အရူးကတုံးတော့ ပြောနိုင်လိမ့်မယ်ထင်တယ်၊ ဒီကောင်ဟာ ညဆိုရင် တော်တော်နဲ့မအိပ်ဘူး”

ဟု ပြောလေရာ အဘွားအိုက ဝင်ရောက်၍

“ သြော် . . . ဟုတ်ပါရဲ့၊ အမေ မေ့နေတယ်၊ ညက ဟိုဘက်အိမ်က ဖြစ်တဲ့အသံတွေကို အမေတို့မကြားပေမဲ့ အရူးကတုံးတော့ ကြားနိုင်တာပဲ၊ အရူးကတုံးဆိုတာ အမေတို့ရပ်ကွက်ထဲက စိတ်မနှံ့ရှာတဲ့ ကောင်ကလေးပါ၊ သူကတော့ သူ့ကိုယ်သူ ဘိုဆန်ဆန် ဂျက်ကတုံးလို့ခေါ်တယ်၊ အမေတို့ အဘိုးကြီး

အဘွားကြီးက ဂျက်ကတုံးကို သနားတာနဲ့ ခြံထဲက တင်းကုပ်လေးမှာ ခေါ်သိပ်ထားတာ ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ အဲဒါဆိုရင် ဂျက်ကတုံးနဲ့ ကျွန်တော်တို့နဲ့ ခဏလောက်တွေ့ပြီး မေးခွန်းလေးတွေ မေးကြည့်ချင်တယ်”

ဟု ပြောလေရာ အဘိုးကြီးက ဝင်ရောက်၍

“ ဂျက်ကတုံးက ဒီအချိန်ဆိုရင် မရှိဘူး၊ သဃ်န်းကျွန်းဘူတာမှာ ရောက်နေတတ်တယ် ”

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက ဝင်ရောက်၍

“ ဒီဂျက်ကတုံးဆိုတဲ့ အရူးဟာ သဃ်န်းကျွန်းဘူတာမှာ ဘာသွားလုပ်တာလဲ ”

ဟု မေးမြန်းလေ၏ ။ ထိုအခါ အဘွားကြီးက

“ ရယ်တော့ ရယ်စရာပွဲကွဲ့၊ သဃ်န်းကျွန်းဘူတာရုံအနီးမှာ အရူးမ မခင်သန်းဆိုတာ ရှိတယ်၊ ဂျက်ကတုံးက အရူးမ မခင်သန်းဆီကို သွားပြီး နေ့လယ်ဘက်ဆို ကူညီလုပ်ကိုင်ပေးတယ်၊ အရူးမ မခင်သန်းကလည်း ဂျက်ကတုံးကို ထမင်းကျန် ဟင်းကျန်လေးတွေ ပြန်ကျွေးတယ်လေ။ အရူးနှစ်ယောက်ရဲ့ သံယောဇဉ်ပေ့ါကွယ် ”

ဟု ပြောလေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် တဝါးဝါး တဟားဟား ရယ်မော လေ၏ ။

ဆားပုလင်းမင်းအောင်က အကြော်ဆိုင်မှ ထ၍

“ ဒါဆိုရင် ကျွန်တော်တို့ သဃ်န်းကျွန်းဘူတာဘက်ကို လမ်းလျှောက်သွားလိုက်ဦးမယ်၊ အဲဒီ မှာ ဂျက်ကတုံးကို တွေ့ပြီးတော့ ညက

အိမ်ကြီးနဲ့ပတ်သက်လို့ ဘာတွေကြားသလဲလို့ မေး မြန်းကြည့်မယ် ”

ဟု ပြောလေရာ အဘိုးကြီးက ဝင်ရောက်၍

“ ဒီမှာလူလေး၊ ဂျက်ကတုံးဟာ စိတ်ကောင်းနှလုံးကောင်းတော့ ရှိပါတယ်။ ဒါပေမဲ့ သူဟာ အရူးတစ်ယောက်ဖြစ်ပေမဲ့ ပိုက်ဆံတော့ သိပ်မက်တယ်ကွဲ့၊ သူ့ကို သိချင်တာလေးတွေ မေးချင်ရင် ပိုက်ဆံသာ နည်းနည်းပါးပါး ပေးလိုက်၊ လူလေးတို့ကို အကုန်ပြောပြလိမ့်မယ် ”

ဟု ပြောလေရာ ကျွန်ုပ်တို့စုံထောက်ကျော်များလည်း သဃ်ႋန်ကျွန်းဘူတာရုံအနီးတွင် ဂျက်ကတုံးကို ရှာဖွေရန်အတွက် ထွက်ခဲ့လေတော့၏ ။

သဃ်ႋန်းကျွန်းဘူတာဘက်သို့ ရောက်သောအခါ တဲအိမ်ငယ်လေးများကို တွေ့ရ၏ ။

အနီးအနားတွင်ရှိသော လူတစ်ဦးကို အရူးမ မခင်သန်း၏ နေအိမ်ကို မေးမြန်းသောအခါ ဘူတာရုံနှင့် မလှမ်းမကမ်းတွင်ရှိသော ခနော်ခနဲ့ တဲအိမ်လေးကို လက်ညှိုးထိုးပြလေ၏ ။

ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ထိုတဲအိမ်ရှိရာသို့ ဦးတည်ပြီး လျှောက်လှမ်းခဲ့လေ၏ ။

တဲအိမ်၏ အရှေ့သို့ ရောက်သောအခါ သစ်ရွက်ခြောက်များနှင့် မီးမွှေးနေသော ဂျက်ကတုံးကို တွေ့ရလေ၏ ။

ဂျက်ကတုံးဆိုသော အရူးသည် လွန်စွာအသားမည်း၍ ပိန်လှီပြီး ကတုံးကို ပြောင်အောင် တုံးထားလေ၏ ။

ဂျက်ကတုံးသည် အပေါ်ပိုင်း ဗလာကျင်းထားပြီး လွန်စွာသေးငယ်သော ဘောင်းဘီတိုလေးကို ဖွားဖက်တော် လုံရုံမျှသာ ဝတ်ဆင်ထားလေ၏ ။

ထိုအခိုက်မှာပင် တဲအိမ်ငယ်လေးအတွင်းမှ လုံချည်ရင်လျားထားသော အရူးမ မခင်သန်းကို တွေ့ရှိရ၏။

အရူးမ မခင်သန်းက

“ ဟဲ့ . . . ကတုံး၊ မီးမြန်မြန်မွှေးတော့လေ၊ ကြက်ကောင်လုံးကြော်တွေ၊ ဝက်ကောင်လုံး ကြော်တွေ ကြော်ရအောင်”

ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်ခိုင်းစေလေ၏။

ဂျက်ကတုံးသည် အရူးမ မခင်သန်းကို အလွန်ကြောက်ရွံ့ရဟန်ရှိပြီး ကမန်းကတန်း မီးမွှေးနေလေ၏။ ထိုအခိုက်မှာပင် ဆားပုလင်းမင်းအောင်က ဂျက်ကတုံးအနီးသို့ ရောက်ရှိသွားပြီး

“ ဒီမှာ ဂျက်ကတုံး၊ မင်း ညတုန်းက အိမ်ကြီးပေါ်ကကြားတဲ့ဟာကို ပြန်ပြောပြနိုင်မလား ”

ဟု မေးမြန်းလေရာ အရူးဂျက်ကတုံးက ဆားပုလင်းမင်းအောင်ကို မှုန်မှုန်ကုတ်ကုတ် ကြည့်၍

“ ဘာလို့ပြောပြရမှာလဲ၊ ကျုပ်က ပြိုင်စံမပေါ် နိုင်ငံကျော်တဲ့ ဂျက်ကတုံးဗျ၊ အသပြာမပေးဘဲ မပြောနိုင်ပေါင် ”

ဟု ငြင်းဆန်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က သူ၏ အိတ်ထဲမှ ငွေစက္ကူများကို ထုတ်၍ ဂျက်ကတုံးအား ပြလိုက်ပြီး

“ မင်း ညတုန်းက အိမ်ကြီးပေါ်ကကြားခဲ့တဲ့ဟာတွေကို အကုန်လုံး ပြန်ရွတ်ပြ၊ အားလုံး ပြန်ပြီးပြောနိုင်ရင် ဟောဒီပိုက်ဆံတွေ အကုန်လုံးပေးမယ် ”

ဟု ပြောလေရာ ဂျက်ကတုံးသည် ငွေစက္ကူများကို အရောင်တဝင်းဝင်းလက်သော မျက်လုံးများဖြင့် ကြည့်၍

“ ခင်ဗျား တကယ်ပြောတာလား၊ ကျုပ်ကို မညာနဲ့နော်၊ အိမ်ကြီးပေါ်ကအကြောင်းတွေ ပြောပြရင် ခင်ဗျား တကယ် ပိုက်ဆံတွေ ပေးမှာလား ”

ဟု ပြန်လည်မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ပေးမှာပေါ့ကွာ၊ ဦးသီလတို့အိမ်ကြီးပေါ်က ကြားခဲ့တဲ့အကြောင်းတွေကိုသာ ငါတို့ကို ပြန်ပြောပြ၊ မင်းကို ဒီငွေစက္ကူတွေ အကုန်ပေးခဲ့မယ် ”

ဟု ပြောလေ၏။

ထိုအခါ ဂျက်ကတုံးသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး သံနေသံထားဖြင့် သီချင်းတစ်ပုဒ်ကို သီဆိုပြလေ၏။

ကိုမင်းအောင်သည် အသင့်ထုတ်ယူထားသော စာရွက်နှင့် ခဲတံကိုကိုင်ကာ ဂျက်ကတုံး သီဆိုပြသော သီချင်းကို လက်ရေးဖြင့် လိုက်လံရေးမှတ်လေ၏။

အရူးဂျက်ကတုံးသည် သီချင်းကို သံနေသံထားဖြင့် ဆိုပြပြီးတော့ ရပ်တန့်လိုက်ပြီး

“ ပြီးပြီ၊ ကျုပ် ညကကြားတာ ဒါပဲ၊ ကျုပ်ကို ပိုက်ဆံတွေပေးတော့ ”

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က အရူးဂျက်ကတုံး၏ မျက်လုံးတွေကို စူးစိုက်ကြည့်၏။

“ မင်း ညတုန်းက အိမ်ကြီးပေါ်က သီချင်းဆိုသံပဲကြားလား၊ ဒီပြင်အသံတွေရော မကြား ရဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဂျက်ကတုံးက ခေါင်းခါယမ်း၍

" သီချင်းသံပဲ ကြားတာပေ့ါဗျ၊ ဒီပြင်ဘာသံမှ မကြားဘူး၊ ကဲ . . . ပိုက်ဆံပေးဗျာ၊ ပြိုင်စံ မပေါ် နိုင်ငံကျော်ဂျက်ကတုံး သီချင်းဆိုပြီးပြီ ပိုက်ဆံကို ပေးတော့ "

ဟု တောင်းလေရာ ဆားပုလင်းမင်းအောင်သည် မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ဂျက်ကတုံး၏ လက်သို့ ငွေစက္ကူများ ပေးအပ်လိုက်လေ၏။

ဂျက်ကတုံးသည် ငွေစက္ကူများကို ရရှိသောအခါ ဝမ်းသာလွန်းသဖြင့် ဟေးခနဲ အော်ဟစ် လိုက်ပြီး အရူးမ မခင်သန်းဘက်သို့ လှည့်၍

" ပြိုင်စံမပေါ် နိုင်ငံကျော်တဲ့ ဂျက်ကတုံးကို ဆုတော်ငွေတွေ ချသွားပြီဟေ့၊ ကြက်ကောင် လုံးကင်ကြီးတွေ၊ ဝက်ကောင်လုံးကင်ကြီးတွေ ဝယ်စားရမယ်၊ ဟား ဟား ဟား . . . လူယုတ်မာ မကြီး မခင်သန်း၊ ညည်းကို ငါမကျွေးဘူး "

ဟု အော်ဟစ်ပြောဆိုလိုက်လေရာ အရူးမ မခင်သန်းသည် ဂျက်ကတုံးကို ဒေါသဖြစ် သွားပြီး

" ဂျက်ကတုံး လူယုတ်မာကောင်၊ ပြိုင်စံမပေါ် နိုင်ငံကျော် ဖြစ်သွားတာနဲ့ ငါ့ကို အာခံတယ် ပေ့ါလေ၊ နင့်ကို နေ့တိုင်း ထမင်းကျန်၊ ဟင်းကျန်တွေ ကျွေးထားတဲ့ကျေးဇူးကိုမှ မထောက်တဲ့ ကောင်၊ သေပေတော့ "

ဟု ဆိုကာ အနီးရှိတုတ်ဖြင့် ဂျက်ကတုံးအား လှမ်းပစ်လိုက်လေ၏။

ဂျက်ကတုံးသည် ထိုနေရာမှ ခြေကုန်သုတ်၍ ပြေးလွှားသွားလေတော့၏ ။

ကျွန်ုပ်တို့ စုံထောက်ကျော်များသည် အရူးနှစ်ယောက်၏ သံယောဇဉ်ကိုကြည့်ကာ ရင်ထဲတွင် ကြိတ်၍ သက်ပြင်းချလိုက်မိလေတော့၏။

*

သဃ်န်းကျွန်းဘူတာရုံကြီးအနီးရှိ ထူးဆန်းသောလူသတ်မှုနှင့် ပတ်သက်၍ သတင်းစာများက အပြိုင်အဆိုင် ရေးသားကြလေ၏ ။

သူရိယသတင်းစာက လူသတ်သမားမှာ ရုပ်သေးဆရာလောဟူသော ခေါင်းစဉ်ဖြင့် ဦးသီလကို သတ်ဖြတ်သွားသော လူသတ်သမားမှာ ထိုနေ့ညက ရုပ်သေးသီချင်းဆိုသွားကြောင့် အကျယ်တဝင့် ရေးသားဖော်ပြထားလေ၏ ။

မြန်မာ့အလင်းသတင်းစာကြီးကလည်း တရားခံမှာ အနုပညာရှင်တစ်ဦး ဖြစ်နိုင်ကြောင်း ထင်ကြေးပေး၍ ရေးသားထား၏ ။

သူကြီးဂေဇက် သတင်းစာကမူ တရားခံသည် စိတ်ရောဂါဝေဒနာ စွဲကပ်နေသူ ဖြစ်နိုင်ကြောင်း ဦးတည်ပြီး ရေးသားထားလေ၏ ။

သတင်းစာများအားလုံးက ထိုလူသတ်မှုနှင့်ပတ်သက်၍ အင်းစိန်ဒီအိုင်ဒီက အတူတပြင်း စုံစမ်းထောက်လှမ်းနေကြောင်း၊ အင်းစိန်စီအိုင်ဒီ၏ စုံထောက်အကျော်အမော် ဆားပုလင်းမင်းအောင်ကိုယ်တိုင် ထိုအမှုကို အားကြိုးမာန်တက် စုံစမ်းနေပြီဖြစ်၍ မကြာမီ တရားခံကို ဖမ်းမိနိုင်မည်ဟု မျှော်လင့်ကြောင်း ရေးသားထားကြ၏ ။

နောက်တစ်နေ့သို့ ရောက်သောအခါ စုံထောက်ဦးပေါ်ဦးကြီးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီး

“ ဒီနေ့ဟာ ကျုပ်ရဲ့မွေးနေ့ဗျ၊ မွေးနေ့မှာ ကုသိုလ်ကောင်းမှုလေးတွေ လုပ်ရအောင်ဗျာ၊ ကျုပ်နဲ့ အဖော်လိုက်ခဲ့စမ်းပါ ”

ဟု ပြောလေ၏ ။ ထိုအခါ ကျွန်ုပ်က ဦးပေါ်ဦးကြီးကို မယုံကြည်ဟန်ဖြင့်

ကြည့်၍

“ ဘာ . . . ခင်ဗျားက ကုသိုလ်ကောင်းမှုလုပ်ဦးမယ် ဟုတ်လား၊ ခင်ဗျားတစ်သက်မှာ ဘယ်တုန်းက ကုသိုလ်ကောင်းမှုလုပ်ဖူးလို့လဲဗျာ၊ ရပ်ကွက်ထဲက အလှူခံတွေလာရင်တောင် ခင်ဗျား အိမ်ပြင်မထွက်ဘဲ ပုန်းနေတာမဟုတ်လား၊ ရဟန်းသံဃာတွေမြင်ရင်တောင် လှူရတန်းရမှာစိုးလို့ ဟိုပြေး ဒီပြေးလုပ်နေသေးတယ်လေ၊ ခင်ဗျားလိုလူကြီးက အလှူအတန်းလုပ်မယ်ဆိုတာ နားရှိလို့သာကြားရတယ်ဗျာ၊ မယုံရေးချ မယုံဘဲ ”

ဟု ပြောလိုက်ရာ စုံထောက်ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့သွား

“ ဟေ့လူ . . . ခင်ဗျား ကျုပ်ကို ဒီလောက်တောင်အထင်သေးတာပဲလားဗျာ၊ ကျုပ်က ခင်ဗျားထင်သလောက်လည်း မဆိုးသေးပါဘူး၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးပါဗျ၊ ဘာသာတရား ကိုင်းရှိုင်းမှုရှိပါတယ်၊ ဒီနေ့ ကျုပ်မွေးနေ့မှာ အလှူအတန်း တကယ်လုပ်မလို့ပါ ”

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က ခေါင်းခါယမ်း၍

“ ဟေ့လူကြီး . . . အပိုတွေလာပြောမနေနဲ့၊ ခင်ဗျားစကားကို ကျုပ် လုံးဝမယုံဘူး၊ ကေန္တ တော့ ဒီကိစ္စဟာ ခင်ဗျားမိန်းမကြီးရဲ့ အကြံဉာဏ်ပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား၊ ကျုပ်ကို မညာနဲ့ ”

ဟု ပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးသည် ခေါင်းကို ကုတ်၍

“ ဒီမှာ ကိုအောင်လှ၊ ခင်ဗျားဟာ ဆားပုလင်းမင်းအောင်ရဲ့ မိတ်ဆွေလို့ မပြောရဘူး၊ ကျုပ်ရဲ့ အကျင့်အကြံတွေကို အတော်လေး သိနေတာကိုးဗျ၊ ဒီနေ့ အလှူအတန်းလုပ်မယ်ဆိုတာ ကျုပ်မိန်းမကြီးရဲ့ အကြံဉာဏ်ပါပဲဗျာ၊ လွန်ခဲ့တဲ့ သုံးရက်လောက်က ရွှေဘုန်းပွင့်ဘုရားမှာ ကျုပ်မိန်းမကြီး ဗေဒင်သွားမေးတယ်၊

ဗေဒင်ဆရာက ဟောလိုက်တာတွေက တစ်စက်လေးမှ ရစရာမရှိဘူး၊ ကျုပ်ဟာ ဒီနှစ်ထဲမှာ ဘာလုပ်လုပ် အဆင်မပြေဖြစ်ပြီး လုပ်သမျှ ကံခေမယ်တဲ့ဗျ၊ အထက်အရာရှိကြီးတွေရဲ့ အငြိုအငြင်ခံရပြီး ရာထူးတောင် ပြုတ်သွားမယ်လို့ ဆိုတယ်၊ ဗေဒင် ဆရာရဲ့ ဟောချက်က ကျုပ်မိန်းမကြီးရင်ထဲကို တန်းပြီး ထိသွားတာပဲဗျို့၊ ကျုပ်မိန်းမကြီးက ကျုပ် သေမယ်ဆိုရင် ဒီလောက်မစိုးရိမ်ဘူးဗျ၊ ပုလိပ်အင်စပက်တော်ရာထူးက ပြုတ်မှာတော့ အင်မတန် ကြောက်တယ်၊ သူဟာ ဘာမဟုတ်တဲ့ အင်စပက်တော်ကတော်ဆိုတဲ့ ဂုဏ်လေးကို အတော်တန်ဖိုးထားတယ်လေ၊ ဒါကြောင့် ယတြာချေဖြစ်အောင် ချေခိုင်းလိုက်တာဗျ ”

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က ခေါင်းညိတ်၍

“ ဒီလိုယတြာချေမယ်ဆိုရင်တော့ ကျုပ်တို့နှစ်ယောက်တည်း မကောင်းဘူးဗျ၊ ကိုမင်းအောင်ကို သွားခေါ်ရအောင်၊ သူ ဒီအချိန်ဆိုရင် ကျောက်မြောင်းအိမ်မှာရှိမှာပဲ”

ဟု ပြောလေ၏ ။

အိမ်သို့ရောက်သောအခါ တယောတစ်လက်ကို လက်သံစမ်းနေသော ကိုမင်းအောင်ကို တွေ့ရ၏ ။

ဆားပုလင်းမင်းအောင်က ကျွန်ုပ်တို့ကား ရပ်တံ့သွားသည်နှင့် တယောထိုးခြင်းကို ရပ်တံ့၍

“ ဦးပေါ်ဦးမွေးနေ့မှာ အလှူအတန်းလုပ်မယ်ဆိုရင်တော့ အင်းစိန်က မိဘမဲ့ကလေးများ ကျောင်းမှာလုပ်ရင် အကောင်းဆုံးပဲ၊ မိဘမဲ့ကလေးတွေရဲ့ဘဝဟာ အလွန်သနား ကရုဏာသက်စရာ ကောင်းတယ်။ သူတို့ဘဝမှာ မိဘမေတ္တာငတ်မွတ်နေတဲ့အတွက် ကျုပ်တို့က စေတနာ

မေတ္တာတွေပေးဖို့ လိုအပ်တယ်ဗျ ”

ဟု ပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် မျက်လုံး ပြူးသွားလေ၏ ။

စုံထောက်ဦးပေါ်ဦးကြီးက ဆားပုလင်းမင်းအောင်ကို မယုံနိုင်ဟန်ဖြင့် ကြည့်၍

“ နေပါဦး ကိုမင်းအောင်၊ ဒီနေ့ ကျုပ်မွေးနေ့ ကောင်းမှုကုသိုလ်တွေ လုပ်မယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က

“ ထိုင်ပါဦးဗျာ၊ ရေနွေးကြမ်းသောက်ပါဦး၊ ကျုပ် အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ ကျုပ်ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေမွေးနေ့တွေကို အလွတ်မှတ်ထားလေ့ရှိတယ်၊ ဥပမာ ကိုအောင်လှဆိုရင် ဇွန်လ (၁၉) ရက်နေ့ မွေးတယ်၊ ဦးပေါ်ဦးကြီးဆိုရင် ဖေဖော်ဝါရီလ (၇) ရက်မှာ မွေးတယ် စသည်ဖြင့်ပေါ့ဗျာ၊ ခင်မင်ရင်းနှီးနေတဲ့ မိတ်ဆွေတွေကို မှတ်မိနေလေ့ရှိတယ်၊ ဒီနေ့ဟာ ဖေဖော်ဝါရီ လ (၇) ရက်ဆိုတော့ ဦးပေါ်ဦးကြီးရဲ့ မွေးနေ့ပေါ့၊ ကျုပ်ဟာ ဗေဒင်ပညာကိုလည်း နည်းနည်းပါးပါးတော့ တီးမိခေါက်မိတယ်ဗျ၊ ဒါကြောင့် ဦးပေါ်ဦးရဲ့မွေးနေ့ကို ဗေဒင်နည်းနဲ့ တွက်စစ်ကြည့်တော့ ဦးပေါ်ဦးကြီးဟာ ဒီနှစ်မှာ ဘဂပျက်ကိန်းကြုံနေတာ တွေ့ရတယ်ဗျ၊ ဒီလိုနဲ့ ဆက်စပ်တွေးကြည့်တော့ ဦးပေါ်ဦးကြီး မိန်းမ ခင်ခင်ကြီးဟာ ဗေဒင်တွေ၊ ယတြာတွေကို တော်တော်ယုံကြည်တယ်၊ ဒီနှစ်ထဲမှာ သူ့ယောကျ်ားရဲ့ကံဇာတာ နိမ့်ပါးနေမယ်ဆိုတာ ဗေဒင်ဆရာတွေရဲ့ အဆိုအရ မသိဘဲ နေမှာမဟုတ်ဘူး။ ဒါကြောင့် ဦးပေါ်ဦးကြီးရဲ့မွေးနေ့မှာ ကောင်းမှုကုသိုလ်တစ်ခုခုလုပ်ပြီး ယတြာချေခိုင်းမှာ သေချာတယ်လေ၊ ပိုပြီးသေချာသွားတာက ဦးပေါ်ဦးကြီးဟာ

သူ့ရဲ့မွေးနေ့မှာ မိတ်ဆွေအပေါင်းအသင်းတွေကို တကူးတကခေါ်ပြီး ကျွေးမွေးလေ့မရှိဘူး၊ တကယ်တော့ မိတ်ဆွေ အပေါင်းအသင်းတွေကိုသာ မကျွေးမွေးတာဗျ၊ သူတို့ဇနီးမောင်နှံကတော့ မွေးနေ့ရောက်တိုင်း စားသောက်ဆိုင်ကောင်းကောင်းမှာ သွားစားလေ့ရှိတယ်။ ဒီနေ့ဟာ ရုံးတက်ရမဲ့နေ့ဗျ၊ ရုံးချိန်မှာ ရုံးမတက်ဘဲ ဦးပေါ်ဦးကြီး ကျွန်တော့်အိမ်ကို ရောက်လာပြီဆိုကတည်းက သူ့မွေးနေ့မှာ ကျွေးဖို့ မွေးဖို့ ရောက်လာတမဟုတ်ဘူး၊ ဘဂပျက်ကိန်းရောက်နေတဲ့အတွက် ယတြာချေဖို့ရောက်လာ တာပဲဖြစ်မယ်လို့ တွက်ဆလိုက်မိတယ် ”

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်နှင့် ဦးပေါ်ဦးကြီးသည် ဆားပုလင်းမင်းအောင်၏ တွေးဆချက်များကို ရှင်းခနဲ လင်းခနဲ မြင်တွေ့သွားပြီး ကျွန်ုပ်က

“ တော်ပါပေတယ် ဆားပုလင်းမင်းအောင်ရယ်၊ ဒါကြောင့်လည်း စီအိုင်ဒီမှာ ဂုဏ်သတင်း ကျော်ကြားနေတာကိုး ”

ဟု ချီးမွမ်းလိုက်လေ၏ ။

စုံထောက် ဦးပေါ်ဦးကြီးကလည်း

“ ဟား ဟား . . . ဆားပုလင်းမင်းအောင်၊ ခင်ဗျားနဲ့ သိကျွမ်းရတာ လည်း မလွယ်ပါလား၊ ကျုပ်တို့ရဲက အမူအကျင့်တွေ စိတ်ဓာတ်တွေကိုတောင် သိကျွမ်းထားတယ်ဆိုတော့ ကိုမင်းအောင်နဲ့ တွေ့ရမှာတောင် ကြောက်နေမိတယ်ဗျာ ”

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က ဝင်ရောက်၍

“ ဒါနဲ့ နေပါဦး ကိုမင်းအောင်၊ စောစောကပြောတဲ့ အင်းစိန်က

မိဘမဲ့ကလေးများကျောင်းကို ကောင်းမှုကုသိုလ်လုပ်မယ်ဆိုတော့ ကိုမင်းအောင် အဲဒီ ကျောင်းမှာ ကုသိုလ်လုပ်ဖူးလို့လား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ ကိုမင်းအောင်က ခေါင်းညိတ်၍

“ ကျုပ်မှာ ငွေပိုငွေလျှံလေးတွေရှိတဲ့အခါတိုင်း အင်းစိန်က ကျောင်းလေးတွေမှာ အလှူအတန်းလုပ်လေ့ရှိပါတယ်ဗျာ၊ ဦးပေါ်ဦးကြီးလည်း ဆန္ဒရှိရင် တိုက်တွန်းချင်ပါတယ် ”

ဟု ပြောလေ၏ ။

ဦးပေါ်ဦးကြီးက ခေါင်းညိတ်၍

“ ဆားပုလင်းမင်းအောင်တောင် လှူဒါန်းတယ်ဆိုရင် ကျုပ်လည်း လှူဒါန်းရမှာပေ့ါဗျာ။

ဟု ပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော စာရွက်အပိုင်းအစများကို ကောက်ယူ၍ သိမ်းဆည်း၏ ။ သူ၏ တယောကိုလည်း နံရံတွင် သွားရောက်ချိတ်ဆွဲ၏ ။

ထိုအခါ ကျွန်ုပ်က

“ ကိုမင်းအောင်ရဲ့ တယောလက်သံကို မကြားရတာ ကြာပြီဗျာ၊ တစ်နေ့လောက် အေးအေးဆေးဆေး ထိုးပြပါဦး ”

ဟု ပြောလေ၏ ။

ဆားပုလင်းမင်းအောင်သည် တယောထိုး အလွန်ကောင်းပြီး အနုပညာပါရမီဓာတ်ခံ ကောင်းသူဖြစ်၏ ။ ဆားပုလင်းမင်းအောင်က

“ လောလောဆယ်တော့ သည်းခံပါဦး အိုင်ပီရာ၊ တယောထိုးတယ်ဆိုတာ စိတ်အေးလက်အေးရှိမှ ကောင်းတာဗျ၊ အခု တယောထိုးနေတော သဃ်န်းကျွန် လူသတ်မှုကြီးဖြစ်တဲ့ညက လူသတ်သမားထိုးသွားတဲ့ သီချင်းကို ပြန်ထိုးကြည့်နေတာဗျ၊ သီချင်းရဲ့ စာသားတွေက အင်မတန် လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝတယ်၊ သီချင်းရေးတဲ့ပုဂ္ဂိုလ်ကို လေးစားဖို့ ကောင်းတယ်ဗျာ ”

ဟု ပြောလေ၏။

ဦးပေါ်ဦးကြီးက ဝင်ရောက်၍

“ ကိုမင်းအောင်ထိုးနေတဲ့သီချင်းက ဟိုနေ့က အရှုးကတုံး ဆိုပြတဲ့သီချင်းလား ”

ဟု မေးလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

“ ဟုတ်တယ်ဗျို့၊ အရူးကတုံးက ဉာဏ်တော်တော်ကောင်းတယ်၊ သူဆိုသွားတာ သီချင်းရဲ့ စာသားတွေ တစ်ခုမှ လွဲပုံမရဘူး။ သံစဉ်ကလည်း အတော်ကောင်းတဲ့ သံစဉ်ပဲဗျ ”

ဟု ချီးမွမ်းလေ၏။

ထိုအခါ ကျွန်ုပ်က စိတ်ဝင်စားဟန်ဖြင့်

“ ကိုမင်းအောင် အမှုနဲ့ပတ်သက်ပြီး ဘာသဲလွန်စရသေးလဲ ”

ဟု မေးမြန်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍

“ သဲလွန်စလေးတွေ နည်းနည်းလိုသေးတယ်ဗျ၊ အားလုံး ပြည့်စုံသွားရင်တော့ တရားခံကို ဖမ်းမိပါပြီ၊ တရားခံဟာ နယ်နယ်ရရ တရားခံတော့

မဟုတ်ဘူးဗျ၊ အရည်အချင်းရှိတဲ့ တရားခံ၊ ဒီလို လူမျိုးနဲ့ မတွေ့ရတာ ကြာပြီ ”

ဟု ပြောဆိုလေ၏ ။

*

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် ဆားပုလင်းမင်းအောင် ဦးဆောင်၍ အင်းစိန်ရှိ မိဘမဲ့ ကလေးများကျောင်းသို့ ထွက်ခဲ့၏ ။

ကျောင်းသို့ ရောက်သောအခါ ကရင်လူမျိုးကျောင်းဆရာလေးက ဆားပုလင်းမင်းအောင်ကို မှတ်မိနေဟန်ဖြင့် ဆီးကြိုလေ၏ ။

ထို့နောက် ကျွန်ုပ်တို့စုံထောက်ကျော်များသည် ဆရာကြီး၏ ရုံးခန်းထဲသို့သွား၍ အလှူငွေများကို လှူဒါန်းခဲ့လေ၏ ။

ဆရာကြီးသည် အသက်ငါးဆယ်ဝန်းကျင်ရှိသော ကရင်လူမျိုး တစ်ယောက်ပင်ဖြစ်၏ ။

ဆရာကြီးသည် အလှူငွေများကို လက်ခံယူပြီးနောက် ဆားပုလင်းမင်းအောင်ကို ကြည့်ကာ

“ ကလေးတွေ ဒီအချိန်လောက်ဆိုရင် ကျောင်းဝင်းထဲမှာ ကစားနေကြပြီဗျ၊ ကိုမင်းအောင် ကလေးတွေကို ထုံးစံအတိုင်း နှုတ်ဆက်လိုက်ပါဦးဗျာ ”

ဟု ပြောလေ၏ ။

ထို့နောက် ကျောင်းအုပ်ဆရာကြီးသည် ကျွန်ုပ်တို့ စုံထောက်ကျော်များကို ကျောင်းဝင်းအတွင်းသို့ ခေါ်ဆောင်သွားလေ၏ ။

ကျောင်းဝင်းထဲသို့ရောက်သောအခါ ဆော့ကစားနေသော ကလေးများသည် ဆားပုလင်း မင်းအောင်ကို မြင်သောအခါ

“ ဦးလေးလာပြီ . . . ဦးလေးလာပြီ ”

ဟု ဝမ်းသာအားရ နှုတ်ဆက်ကြလေ၏ ။

ကလေးတစ်ယောက်သည် ခြံဝင်းအတွင်းသို့ လှမ်းခနဲ ပြေးဝင်သွားပြီး

ခဏကြာလျှင် တယောတစ်လက်ကိုကိုင်၍ ပြန်ရောက်လာ၏။

ထို့နောက် ကလေးသည် ဆားပုလင်းမင်းအောင်ရှိရာသို့ သွား၍ တယောကို ကမ်းပေးလိုက်ပြီး

“ ဦးလေး သားတို့ကို တယောထိုးပြပါဦး ”

ဟု တောင်းဆိုလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ကလေးငယ်၏ ခေါင်းကို လှမ်းပုတ်၍ တယောကို လှမ်းယူလိုက်၏။

ဆားပုလင်းမင်းအောင်သည် ကလေးငယ်များအား တယောထိုးပြဖူးပုံရ၏။

ဆားပုလင်းမင်းအောင်က တယောကို ကြိုးညှိလိုက်ပြီးနောက် တယောကိုထိုး၍ သီချင်းတစ်ပုဒ်ကို သီဆိုပြလေ၏။

ထိုသီချင်းကို ကျွန်ုပ်တို့ စုံထောက်ကျော်များ ကြားဖူးသလိုရှိ၍ သေချာစွာ နားထောင်ကြည့် သောအခါ သဃ်န်းကျွန်းလူသတ်မှုကြီးကို သွားရောက်စစ်ဆေးစဉ်က အရူးကတုံးသီဆိုပြသော သီချင်းဖြစ်မှန်း သိရ၏။

ထိုအခိုက်မှာပင် လွန်စွာထူးဆန်းသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့လေ၏။

ထိုဖြစ်ရပ်မှာ ဆားပုလင်းမင်းအောင်သီဆိုသောသီချင်းကို ကလေးများအားလုံး သိနေကြ ခြင်းပင်ဖြစ်၏။

ကလေးများသည် ဆားပုလင်းမင်းအောင်သီဆိုနေသော သီချင်းကို ရင်းနှီးကျွမ်းဝင်ဟန်ဖြင့် ဝင်ရောက်သီဆိုကြလေ၏။

ဆားပုလင်းမင်းအောင်ကိုယ်တိုင်လည်း ၎င်း၏ သီချင်းကို ကလေးများ သိရှိနေခြင်းကို အံ့သြနေပုံရ၏။

ဆားပုလင်းမင်းအောင်သည် သီချင်းဆုံးသောအခါ တယောကို ကလေးများလက်သို့ ပြန်အပ်လိုက်ပြီး

“ ဦးလေးထိုးတဲ့သီချင်းကို မင်းတို့အားလုံး သိနေတယ်နော်၊ မင်းတို့ကို ဘယ်သူဆိုပြဖူး သလဲ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ သွက်လက်ချက်ချာသောကလေးငယ်က

“ ကျွန်တော်တို့ကျောင်းကိုလာပြီး ရုပ်သေးကပြလေ့ရှိတဲ့ ဦးလေးကြီးတစ်ယောက်ရှိတယ်၊ သူဟာ ကျောင်းထဲကိုဝင်ခွင့်မရတဲ့အတွက် ကျောင်းအပြင်ဘက် ခြံစည်းရိုးကပဲ ကလေးတွေကို ရုပ်သေးနဲ့ ဖျော်ဖြေလေ့ရှိတယ်၊ အဲဒီ ရုပ်သေးဆရာဦးလေးက အခုဆိုပြတဲ့ သီချင်းကို ရုပ်သေးနဲ့ကပြီး သီဆိုပြလေ့ရှိတယ် ”

ဟု ပြောလေရာ

ဆားပုလင်းမင်းအောင်သည် ကလေးစကားကို အလွန်စိတ်ဝင်စားသွားပြီး

“ ဒီလူ ကျောင်းကို ခဏခဏလာပြီး ဖြေဖျော်လေ့ရှိလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ ကလေးငယ်က ခေါင်းခါယမ်း၍

“ အရင်တုန်းကတော့ ကျွန်တော်တို့ကျောင်းကို တစ်လတစ်ကြိမ်လောက်တော့ ရောက်တယ်၊ အခုတော့ အဲဒီ ရုပ်သေးဆရာ ဦးလေးကြီး မရောက်တာကြာပြီ၊ သူမလာလို့ ကျုပ်တို့ပျင်းနေ ကြတာဗျ”

ဟု ပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က ကရင်လူမျိုး ကျောင်းဆရာလေးကိုကြည့်၍

" အဲဒီ ရုပ်သေးဆရာလာပြီး မိဘမဲ့ကျောင်းမှာ ဖျော်ဖြေရင် ကျုပ်ကို ဖုန်းဆက်ပြီး အကြောင်းကြားပေးပါဗျာ "

ဟု မှာကြားလေရာ ကျောင်းဆရာက ခေါင်းညိတ်၍ ကိုမင်းအောင် မှာကြားသည့်တိုင်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ကျွန်ုပ်တို့ စုံထောက်ကျော်များလည်း မိဘမဲ့ကျောင်းရှိ ကလေးများကို နှုတ်ဆက်၍ ပြန်ခဲ့လေတော့၏။

လမ်း၌ ကျွန်ုပ်က

" မိဘမဲ့ကလေးကျောင်းမှာ ရုပ်သေးနဲ့ လာဖြေဖျော်တဲ့လူဟာ အမှုမှာ အရေးပါလား ကိုမင်းအောင် "

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

" သိပ်အရေးပါတာပေါ့ဗျာ၊ သူဟာ ဒီအမှုရဲ့ အဓိကတရားခံလို့တောင် ကျုပ်ထင်တယ် "

ဟု ပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ဝင်ရောက်၍

" စောစောက မိဘမဲ့ကျောင်းမှာ ကိုမင်းအောင်ဆိုပြတဲ့သီချင်းက အတော်နားထောင်လို့ ကောင်းတယ်နော်၊ စာသားလေးတွေက လေးနက်ပြီး လူ့ဘဝရဲ့အဓိပ္ပာယ်ကို ဖော်ညွှန်းနေသလိုပဲ"

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

" ဟုတ်တယ်ဗျ၊ သီချင်းရေးတဲ့ဆရာကြီးကို အလွန်လေးစားဖို့ကောင်းတယ်၊ ဒီလူသတ်မှု နဲ့ပတ်သက်ပြီးတော့ ကျုပ်ထပ်ပြီး သဘောပေါက်လာတာကတော့ လူသတ်မှုဟာ ရုပ်သေးအဖွဲ့ကြီးတစ်ဖွဲ့နဲ့ ပတ်သက်နေတယ်၊ အခု ကျုပ်ဆိုပြတဲ့သီချင်းဟာ အဲဒီ ရုပ်သေးအဖွဲ့နဲ့ ပတ်သကတ်တဲ့ သီချင်း ဖြစ်ပုံရတယ်။ ရန်ကုန်မှာရှိတဲ့ ရုပ်သေးပညာရှင်တချို့ကို ကျုပ်တွေ့ဆုံပြီး မေးမြန်းကြည့်တဲ့အခါမှာ ဒီရုပ်သေးသီချင်းက စင်ပေါ်မှာ ကပြဖူးတဲ့ ရုပ်သေးသီချင်းတော့ ဖြစ်ပုံမရဘူး၊ ရုပ်သေး ပညာရှင်ကြီးတစ်ဦးက သီးသန့်စပ်ဆိုထားတဲ့ သီချင်းဖြစ်ပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ဒီဆရာကြီးရဲ့ အတွေးအခေါ်ဒဿနကို ချီးကျူးမိပါတယ် "

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ဝင်ရောက်၍

" ဒါဆိုရင် တရားခံကို လောလောဆယ် ဖမ်းဖို့ခက်နေဦးမှာပေါ့ "

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ သဲလွန်စနည်းနည်းလေး လိုနေသေးတယ်၊ ဒီသဲလွန်စကိုရရင်တော့ တရားခံကို ဖမ်းမိလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ် "

ဟု ပြောလေ၏။

ဦးပေါ်ဦးကြီးက ခေါင်းကိုကုတ်၍

" တရားခံကို မဖမ်းနိုင်သေးရင်တော့ ဒုက္ခပါပဲဗျာ၊ ရုံးကိုရောက်ရင်တော့ စုံထောက်မင်းကြီးက ကျုပ်တို့ကို ကြိမ်းမှာသေချာတယ်၊ ဒီတော့ အခုရက်ပိုင်းမှာ အကြောင်းအမျိုးမျိုးပြပြီး စီအိုင်ဒီကို မသွားဘဲ ရှောင်နေရင်ကောင်းမယ် "

ဟု ပြောလေ၏။

*

နောက်တစ်နေ့သို့ရောက်သောအခါ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် စီအိုင်ဒီရုံးသို့ ရောက်လျှင် မင်းကြီးကို တွေ့ဆုံရမှာ ကြောက်သဖြင့် ရုံးသို့မသွားတော့ဘဲ ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ထွက်ခဲ့လေ၏ ။

အိမ်သို့ရောက်သောအခါ လွယ်အိတ်တစ်လုံးထဲသို့ အဝတ်အစား တစ်စုံနှစ်စုံထည့်သွင်းနေသော ဆားပုလင်းမင်းအောင်အား တွေ့ရ၏ ။

" အိုင်ပီတို့ရောက်လာတာနဲ့ အတော်ပဲဗျို့၊ ကျုပ်တို့ မှော်ဘီဘက်ကို သွားရအောင်၊ ကျုပ် တို့မိတ်ဆွေ ဌာနအုပ် ဦးလှကြိုင်က အကူအညီတောင်းလို့ဗျ "

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က စိတ်ဝင်စားဟန်ဖြင့်

" ဦးလှကြိုင်က ဘာအကူအညီတောင်းလို့လဲဗျ၊ ပြောစမ်းပါဦး "

ဟု မေးမြန်းလိုက်လေ၏ ။

ဆားပုလင်းမင်းအောင်က

" ဦးလှကြိုင် မှော်ဘီဘက်ကိုပြောင်းသွားတာ မကြာသေးဘူးဗျ၊ အခု ဦးလှကြိုင်က အခက်အခဲတစ်ခုနဲ့ ကြုံတွေ့နေပုံရတယ်၊ မှော်ဘီဘက်မှာ ဓားပြခေါင်းဆောင် ကျွန်းပြန်မောင်မောင်ဆိုတာ အတော်သောင်းကျန်းနေတယ်၊ သူဟာ ဓားပြပေမဲ့ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံတယ်၊ သူဟာ ဓားပြတိုက်မဲ့အိမ်တွေကို ကြိုတင်အကြောင်းကြားပြီး တိုက်လေ့ရှိတယ်၊ သူဓားပြတိုက်မဲ့နေ့မှာ ပုလိပ်တွေ ဘယ်လိုပဲ သွားပြီးကာကွယ်ထားပါစေ၊ မရ,ရအောင် တိုက်သွား လေ့ရှိတယ် "

ဟု ပြောလေ၏ ။ ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက နားမလည်ဟန်ဖြင့်

“ တိုက်တဲ့အိမ်မှာ ပုလိပ်တွေ စောင့်နေတာတောင်မှ ကျွန်းပြန်မောင်မောင်ဆိုတဲ့ဓားပြက ဘယ်လိုလုပ် ဓားပြတိုက်တာလဲ ကိုမင်းအောင် ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က

“ သူဟာ ပုလိပ်တွေမရောက်ခင် ကြိုရောက်လာပြီး ဓားပြတိုက်သွားတာပေါ့ဗျာ၊ ဓားပြ တိုက်မဲ့နေ့ကို လွဲပြီးပြောလိုက်တယ်၊ ပုလိပ်တွေ လာစောင့်တဲ့အချိန်မှာ သူက ဓားပြတိုက်ပြီးသွားပြီ၊ ဒါမှမဟုတ် ပုလိပ်တွေ သူမလာလို့ စိတ်ပျက်ပြီး ပြန်သွားတဲ့အချိန်မှာ ဓားပြဝင်တိုက်လေ့ရှိတယ်။ တစ်ခါတလေတော့လည်း သူဓားပြတိုက်မှာစိုးလို့ ပုလိပ်တွေက အစောကြီး ကြိုရောက်နေတယ်။ ဒါပေမဲ့ ရောက်မလာဘူး၊ ပုလိပ်တွေ ပြန်သွားတဲ့အချိန်မှာ လက်တစ်လုံးခြားဝင်ပြီး ဓားပြတိုက်တယ်၊ ကျွန်းပြန်မောင်မောင်ဟာ နေရာတိုင်းမှာ သူလျှိုဒလံတွေ ထားရှိတယ်၊ ဒါကြောင့် ဓားပြတိုက်မဲ့ရွာတွေရဲ့သတင်းကို ကြိုတင်ပြီး ရနေတာများတယ်ဗျ ”

ဟု ပြောလေ၏ ။ ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက စိတ်ဝင်စားစွာဖြင့်

“ ကိုမင်းအောင်ကို ဌာနအုပ်ဦးလှကြိုင်ကြီးက ဘယ်လိုအကူအညီတောင်းတာလဲ ”

ဟု မေးမြန်းလေ၏ ။

ဆားပုလင်းမင်းအောင်က

“ ဦးလှကြိုင်က မှော်ဘီဂတ်ကိုပြောင်းသွားတာ နှစ်လလောက်ရှိပြီ သူဟာ မှော်ဘီဂတ် ကိုရောက်တဲ့အချိန်မှာ ကျွန်းပြန်မောင်မောင်ရဲ့သတင်းကို နားမဆံ့အောင်ကြားရတယ်၊ ကျွန်းပြန် မောင်မောင်လိုလူမျိုးကို

သူရအောင်ဖမ်းနိုင်ရင် မော်ဘီဂတ်မှာ ဦးလှကြိုင် မျက်နှာသာရမှာ သေချာတယ်၊ လာမဲ့ လပြည့်နေ့မှာ မော်ဘီမြို့အနီးက ရွာကြီးတစ်ရွာမှာ တောသူဌေးတစ်ယောက်က အလှူအကြီးအကျယ်လုပ်လိမ့်မယ်၊ အဲဒီ အလှူကိုလာတဲ့လူတွေကို ကျွန်းပြန်မောင်မောင်က ဓားပြတိုက်မယ်လို့ သတင်းထွက်နေတယ်၊ ဒါကြောင့် ဌာနအုပ် ဦးလှကြိုင်က သူ့အစွမ်းနဲ့ ကျွန်းပြန် မောင်မောင်ကို မရ,ရအောင် ဖမ်းဖို့ ဆုံးဖြတ်ထားတယ်၊ သူ့အဂင်က ဌာနအုပ်တွေလည်း ကျွန်းပြန် မောင်မောင်ကို ဖမ်းဖို့ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ တစ်ယောက်မှ မအောင်မြင်ခဲ့ဘူး၊ ဦးလှကြိုင်က ကျုပ်တို့ရဲ့အကူအညီနဲ့ ဓားပြခေါင်းဆောင် ကျွန်းပြန်မောင်မောင်ကို မရ,ရအောင် ဖမ်းဆီးချင်တယ်၊ ဦးလှကြိုင်က လူရိုးလူကောင်းကြီးဗျ၊ စိတ်ထားလည်း အင်မတန်ကောင်းတယ်၊ ကျုပ်တို့ကိုလည်း မကြာခဏ အကူအညီပေးဖူးတယ်၊ သူ အကူအညီလိုနေတဲ့အချိန်မှာ ကျုပ်တို့က ပြန်ပြီး အကူအညီပေးဖို့အတွက် မော်ဘီကိုသွားမလို့ဗျ၊ အိုင်ပီတို့ ဒီအိုင်ဒီမှာနေရတာ ပျင်းရင် ကျုပ်နဲ့ လိုက်ခဲ့ပါလား၊ ကျွန်းပြန်မောင်မောင်ကိုဖမ်းရင်း စွန့်စားခန်းလေး ဘာလေး ဖွင့်ရတာ ပေါ့ဗျာ ”

ဟု ဖိတ်ခေါ်လေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်နောက်သို့ မညည်းမညူ လိုက်ပါလေ့ရှိသော ကျွန်ုပ်က လက်သီးဆုပ်၍

“ ဒါဆိုရင် ကျွန်းပြန်မောင်မောင်ကိုဖမ်းဖို့ ကျုပ်လည်းလိုက်မယ်ဗျာ၊ ကိုမင်းအောင်နဲ့သာ အတူသွားလို့ကတော့ ငရဲပြည်ကိုတောင် သွားဝံ့တယ် ”

ဟု လက်သီးဆုပ်၍ ပြောလိုက်လေ၏ ။

ကျွန်ုပ်၏ စကားကြောင့် ဦးပေါ်ဦးကြီးသည် မျက်လုံးပြူးသွားပြီး

“ ဟေ့လူ . . . ခင်ဗျားက ကျုပ်တစ်ယောက်တည်း ထားခဲ့မလို့လား၊ ကျုပ်တို့ တရုတ်တန်းမှာသွားပြီး လောင်းကစားလုပ်မဲ့ အစီအစဉ် ဖျက်လိုက်တော့မှာလား ”

ဟု မကျေမချမ်း ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်က

" တရုတ်တန်းမှာ ဘယ်အချိန် လောင်းကစားလုပ်လုပ် လုပ်လို့ရပါတယ်ဗျာ၊ ကျွန်းပြန် မောင်မောင်လို သူရသတ္တိရှိတဲ့ ခားပြကို ဖမ်းဖို့အခွင့်အရေးက ကျုပ်တို့အတွက် တစ်ကြိမ်ပဲရမှာဗျ၊ ဒါကြောင့် ကိုမင်းအောင်နဲ့လိုက်သွားဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောလေ၏။

ထိုအခါ ဦးပေါ်ဦးကြီးက လက်သီးဆုပ်၍

" ဟေ့လူ . . . ခင်ဗျားလိုက်သွားမှာဆိုရင်တော့ ကျုပ်တစ်ယောက်တည်း မထားခဲ့နဲ့ဗျာ၊ ကျုပ်လည်းလိုက်မယ်၊ ကိုမင်းအောင်နဲ့လိုက်ပြီး ကျွန်းပြန်မောင်မောင်ကို မရ,ရအောင် ဖမ်းမယ်ဗျာ "

ဟု ကြုံးဝါးလိုက်လေတော့၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် မှော်ဘီမြို့သို့ ဖို့ဒ်ကားစုတ်ကလေးဖြင့် ခရီးထွက်ခဲ့လေတော့၏။

မှော်ဘီဂတ်သို့ရောက်သောအခါ ဌာနအုပ် ဦးလုကြိုင်ကြီးက ဂမ်သာအားရ ကြိုဆို၍ ဂတ်အနီးရှိ ၎င်းနေထိုင်ရာအိမ်သို့ ခရီးဦးကြိုဆို၍ ခေါ်ဆောင်သွားလေ၏။

အိမ်သို့ရောက်သောအခါ မှော်ဘီမြို့ရှိ တရုတ်ဆိုင်တစ်ဆိုင်မှာ စားသောက်ဖွယ်ရာများကို ဝယ်ယူ၍ ကျွန်ုပ်တို့သုံးယောက်အား ကျွေးမွေးလေ၏။

စုံထောက်ဦးပေါ်ဦးကြီးက အစိမ်းကြော်၊ တောက်တောက်ကြော်၊ ကုန်းဘောင်ကြီးကြော် စသော တရုတ်အစားအစာများကို မြည်းစမ်းရင်း

" ဟဲ . . . ဟဲ . . . ဦးလုကြိုင်က ကျုပ်တို့ကို

သေရှာသွားရတော့မယ်ဆိုတော့ နောက်ဆုံး အနေနဲ့ တစ်ဂကြီးကျွေးနေတာဖြစ်မယ်
”

ဟု ပြောလေရာ ဌာနအုပ် ဦးလှကြိုင်ကြီးသည် မျက်နှာရှုံ့မဲ့သွားပြီး

“ ဟေ့လူတွေ . . . ဒီလိုသဘောနဲ့ ကျွေးတာမဟုတ်ဘူးဗျာ၊ ကိုယ့်မိတ်ဆွေအချင်းချင်း ကြုံလို့ ကျွေးချင်မွေးချင်လွန်းလို့ပါဗျာ၊ ကျုပ်ရဲ့အခက်အခဲကို စီအိုင်ဒီက စုံထောက်ကြီးတွေ ကိုယ်တိုင် လာရောက်ပြီး အကူအညီပေးတာလည်း အလွန်ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်ဆိုရင် လပြည့်နေ့ရောက်ပြီလေ၊ လယ်ပိုင်ရှင် ဦးထွန်းကျော်ရဲ့ အလှူလည်း စတော့မှာဗျ၊ တစ်ကျွန်းပြန် မောင်မောင်ဆိုတဲ့ကောင် ဦးထွန်းကျော်အလှူမှာ ဓားပြတိုက်မှာ သေချာတယ်၊ ဒီကောင်ဟာ ကြေငြာထားတဲ့အတိုင်း မရ,ရအောင် တိုက်မှာပဲ ”

ဟုပြောလေ၏ ။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက

“ ဒါဆိုလည်း လွယ်ပါတယ်ဗျာ၊ ကျုပ်တို့ စုံထောက်တွေနဲ့ ပုလိပ်တွေ အလှူလုပ်မဲ့အိမ်မှာ သွားစောင့်နေရုံပေါ့၊ ဒီကောင် သတ္တိရှိရင် လာတိုက်လေ၊ ကျုပ်ရဲ့ခြောက်လုံးပြူးကြားမှာ ကားခနဲ ဖြစ်သွားမယ် ”

ဟု ပြောလေ၏ ။

ဆားပုလင်းမင်းအောင်က ခေါင်းခါယမ်း၍

“ ကျွန်းပြန်မောင်မောင်ဟာ ဒီလိုမိုက်ရူးရဲဆန်တဲ့ အပြုအမူမျိုး လုပ်မှာမဟုတ်ဘူးဗျ၊ ပုလိပ်တွေ အလှူအိမ်မှာ သူ့ကိုထောင်ဖမ်းမယ်ဆိုတာ သူရိပ်မိမှာပဲ၊ ဒါကြောင့် လယ်ပိုင်ရှင်ရဲ့အလှူကို လာတဲ့လူတွေကို စောင့်ပြီး ဓားပြတိုက်မှာ သေချာတယ် ”

ဟု ပြောလေ၏ ။

ဌာနအုပ် ဦးလှကြိုင်ကလည်း ခေါင်းညိတ်၍

“ ကျုပ်လည်းပဲ ဆားပုလင်းမင်းအောင် ထင်တဲ့အတိုင်း ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဓားပြတိုက်နိုင်မယ့်လမ်းကြောင်းကနေ ကြိုပြီးစောင့်ချင်တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က ဝင်ရောက်၍

“ ဒါဆိုရင်တော့ ကျုပ်တို့အတွက် ခက်သွားပြီ၊ ဓားပြတိုက်နိုင်မဲ့နေရာတွေက အများကြီးရှိတာ၊ ကျုပ်တို့ပုလိပ်တွေ ဘယ်လိုလုပ် လူစုခွဲပြီး စောင့်မှာလဲ ”

ဟု မေးမြန်းလေ၏ ။

ဌာနအုပ် ဦးလှကြိုင်က ခေါင်းခါယမ်း၍

“ ဓားပြတိုက်မဲ့နေရာ တစ်နေရာတည်းရှိမယ်လို့ ကျုပ်ယုံတယ်၊ အဲဒါကတော့ ဦးထွန်းကျော် တို့ရွာထိပ်က လျှိုကြီးပဲ၊ အလှူကို လာမဲ့လူတွေဟာ လျှိုကြီးကို လှည်းတွေနဲ့ဖြတ်ပြီး လာရမယ်၊ အဲဒီ နေရာက ဓားပြတိုက်လို့ သိပ်ကောင်းတယ်၊ လူအသွားအလာလည်း ပြတ်တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

“ ကျုပ်ဆိုရင်တော့ ပုလိပ်တွေ ကျက်စားနိုင်တဲ့နေရာမျိုးမှာ ဓားပြတိုက်မှာမဟုတ်ဘူး၊ ကျွန်းပြန်မောင်မောင်လည်း အရည်အချင်းရှိတဲ့ ဓားပြတစ်ယောက်ဆိုရင် ဒီလိုလုပ်မှာမဟုတ်ဘူး”

ဟု ပြောလေ၏ ။

ဥာနအုပ် ဦးလှကြိုင်ကြီးသည် ညနေသို့ရောက်သောအခါ ကျွန်ုပ်တို့အား သူ၏ အိမ်၌ ထားရှိ၍ ဂတ်ထဲသို့ ပြန်လည်ထွက်ခွာသွားလေ၏ ။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီးသည် မှော်ဘီမြို့တွင်း လှည့်လည်ကြည့်ရှုရင်း မှော်ဘီသူ မိန်းကလေးများ၏ အလှကို ငေးမော၍ နေမိ၏ ။

အတန်ကြာအောင် လှည့်လည်ကြည့်ရှုပြီးသောအခါ အိမ်ကလေးသို့ ပြန်ခဲ့လေ၏ ။

ထိုအခါ ကျွန်ုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို မတွေ့ရတော့ပေ။

စာကလေးတစ်စောင်ကိုသာ တွေ့ရ၏ ။ ထိုစာကို ဖတ်ရှုကြည့်သောအခါ

“ အိုင်ပီတို့နှစ်ယောက် ဦးလှကြိုင်ကြီးကို လိုအပ်တဲ့အကူအညီတွေ ပေးလိုက်ပါ၊ ကျုပ် တော့ ကျွန်းပြန်မောင်မောင်ကို ဖမ်းဆီးဖို့အတွက် လိုအပ်တာလေးတွေလုပ်ဖို့ ကြို့တင်ထွက်ခွာသွားပြီ၊ ဘာမှမပူနဲ့၊ ကျုပ်တို့ ကျွန်းပြန်မောင်မောင်ကို ဖမ်းဆီးနိုင်မှာပါ ”

ဟု ရေးသားထားလေ၏ ။

ဆားပုလင်းမင်းအောင်၏ စာကို ဖတ်ကြည့်ပြီးနောက် စုံထောက်ဦးပေါ်ဦးကြီးက အထိတ်တလန့်ဖြစ်၍

“ အောင်မယ်လေးဗျာ၊ ကိုမင်းအောင် ကျုပ်တို့ကို ထားပြီးသွားပြီ၊ ကျုပ်တို့ ကျွန်းပြန်မောင်မောင်နဲ့တွေ့ရင် ဘယ်လိုလုပ်ရပ့ါမလဲ၊ ဒီလူဟာ အတော်ရက်စက်တယ်လို့ သတင်းကြီးနေတယ်ဗျ”

ဟု ပြောလေ၏ ။ ထိုအခါ ကျွန်ုပ်က ခါးကြားမှ ခြောက်လုံးပြူးကိုလက်ဖြင့်ပုတ်ပြ၍

“ ဘယ်လိုလုပ်ရမလဲ၊ ဒါနဲ့ပစ်မှာပေ့ါ၊ စီအိုင်ဒီက

စုံထောက်ကျော်ကြီးလုပ်နေပြီး ဓားပြကို ကြောက်နေရလားဗျ၊ ကျုပ်တော့ ဆားပုလင်းမင်းအောင် ရှိနေသရွေ့ ဘယ်လိုရန်သူမျိုးကိုမှ မကြောက်ဘူးဗျာ”

ဟု ပြောလေ၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက

“ ဟေ့လူ . . . ဆားပုလင်းမင်းအောင်က ကျုပ်တို့နဲ့ မရှိဘူးဗျ၊ ဒီလူ ဘယ်ရောက်နေလဲ သိတာမဟုတ်ဘူး။ အိမ်မှာကျန်ခဲ့တဲ့ ကျုပ်တို့မိန်းမတွေ မုဆိုးမဖြစ်သွားဦးမယ် ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ဦးပေါ်ဦးကြီး၏ ပါးစပ်ကို လက်ဖြင့်ပတ်၍

“ ဟေ့လူကြီး . . . နမိတ်မရှိ၊ နမာမရှိတွေ မပြောနဲ့ဗျာ၊ ကျုပ်လက္ခဏာကိုကြည့်၊ သူများသတ်လို့ ဘယ်တော့မှမသေဘူး၊ ဘဝမှာ အသက်ရှည်ရှည်နေပြီးမှ သေရမှာဗျ ”

ဟု ပြောလေ၏။

ထိုနေ့ညသို့ ရောက်သောအခါ စုံထောက်ဦးလှကြိုင်သည် သူ၏ အိမ်သို့ ပြန်လည်ရောက်ရှိလာပြီး ဆားပုလင်းမင်းအောင် မရှိမှန်း သိသောအခါ

“ ကိုမင်းအောင်တော့ ထုံးစံအတိုင်း ပဟေဠိဆန်ဆန်တွေ လုပ်နေပြီဗျို့၊ ဘာပဲဖြစ်ဖြစ် ကိုမင်းအောင် အနားမှာရှိတယ်ဆိုရင် ကျုပ်တို့ ကျွန်းပြန်မောင်မောင်ကို ရအောင်ဖမ်းနိုင်မယ်လို့ ယုံကြည်တယ်ဗျာ ”

ဟု အားတက်သရော ပြောလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည် ညဥ့်နက်သည်ထိ စစ်တုရင်ကစားပြီး ဌာနအုပ်ဦးလှကြိုင် ပြင်ဆင်ပေးသော အခန်းထဲတွင် အိပ်စက်သွားလေ၏။

*